# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (17-3-2015) (စ၁၄၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုင်ယာလန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၁၇**

၂၀၁၅ ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုင်ယာလန်နိုင်ငံ သမ္မတ မစ္စတာ မိုက်ကယ် ဒီ ဟစ်ဂင်(စ်) ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုင်ယာလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒါ ကန်နီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းစွာနေထိုင်လိုခြင်းသည် ပြည်သူများ၏ စစ်မှန်သည့်ဆန္ဒဖြစ်

နေပြည်တော် မတ် ၁၆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာနှင့်အဖွဲ့အား နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိတို့ ပထမဆုံးအကြိမ်တွေ့ဆုံကြခြင်းဖြစ်ပါကြောင်း၊ အခြားသော တိုင်းရင်းသားအဖွဲ့ အစည်းများနှင့် မကြာခဏ တွေ့ဆုံခဲ့ကြပြီး ရင်းနှီးနေကြပြီ ဖြစ်ပါကြောင်း၊ ကေအိုင်အိုအဖွဲ့နှင့် ယခုမှ ပထမဆုံးအကြိမ် တွေ့ဆုံသည်ဆိုသော်လည်း မိမိ၏အသိအကျွမ်းများ၊ မိမိနှင့်အတူ အမျိုးသားညီလာခံတက်ရောက်ခဲ့သည့် အဖွဲ့များပြန်လည်တွေ့ဆုံရခြင်းအတွက် ဝမ်းသာပါကြောင်း၊ ကချင်တိုင်းရင်းသားများအားလုံး ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ရှိကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

ကချင်ပြည်နယ်နေ့အခမ်းအနားကို မိမိအနေဖြင့် တက်ရောက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားများ၏ နေ့ထူး နေ့မြတ်ကို အလေးထား၊ လေးစားဂုဏ်ယူသည့်အတွက် ဖြစ်ပါကြောင်း၊ မနောပွဲတွင် ကချင်တိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် မိမိစိတ်ထဲတွင် များစွာဝမ်းသာကြည်နူးမိပါကြောင်း၊ ကချင်ပြည်နယ် အေးချမ်းသာယာပြီး ကချင်ပြည်သူများ ယခုကဲ့သို့ ပျော်ရွှင်ချမ်းမြေ့စွာ ထာဝရနေနိုင်ပါစေရန်လည်း ဆုမွန်ကောင်းတောင်းမိပါကြောင်း။

တကယ်တမ်းတွင် ကချင်ပြည်နယ်သည် တပ်မတော်အစိုးရလက်ထက်က ၁၇ နှစ်လုံးလုံး ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပြီး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ရှိခဲ့သည့် ပြည်နယ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းစွာရှိစဉ် နေထိုင်ခဲ့ရသည့် ကချင်ပြည်နယ်တွင်ရှိသည့် ပြည်သူများ၏ ဘဝနှင့် မငြိမ်းမချမ်းရှိနေသည့် ယခုဘဝ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


သင်ကြားရေးမဏ္ဍိုင်
စာမျက်နှာ » ၆

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ဆက်လက်ကြားနာဆောင်ရွက်
စာမျက်နှာ » ၇

ရေလမ်းကြောင်းအသုံးပြုသွားလာနေသော ရေယာဉ်များ ရေလမ်းကြောင်းဖြတ်သန်းခများ ကောက်ခံသွားမည်
စာမျက်နှာ » ၁၂


# ငပလီကမ်းခြေ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများ

**နေပြည်တော် မတ် ၁၆**

ငပလီကမ်းခြေသည် မြန်မာနိုင်ငံ၏ အနောက်တောင်ဘက် ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် တည်ရှိပြီး ကမ်းခြေအရှည်ရှစ်မိုင်ခန့် ရှည်လျားသည့် သာယာလှပသော ကမ်းခြေဖြစ်ပါသည်။ ငပလီကမ်းခြေသည် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိသေးသည့်အပြင် ကမ်းခြေအနေအထား ကောင်းမွန်ခြင်း၊ ပင်လယ်ရေနှင့် သဲသောင်ပြင် အရည်အသွေးကောင်းမွန်ခြင်း၊ ရေကူးသူများအတွက် ဘေးအန္တရာယ် ကင်းရှင်းခြင်းနှင့် လုံခြုံစိတ်ချမှုရှိခြင်း စသည့် ကမ်းခြေကောင်းများ၏ အင်္ဂါရပ်များနှင့် ပြည့်စုံခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားများက အပျိုစင်ကမ်းခြေဟု တင်စားပြောဆိုကြရသည်အထိ သာယာလှပသည့် ကမ်းခြေဖြစ်သည့်အပြင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားခြင်းကြောင့် နှစ်စဉ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**






## အတွေးအမြင်

**ကြေးမုံ စာတည်းရှုထောင့်** **၁၇-၃-၂၀၁၅ [အင်္ဂါနေ့]**

# ပြည်သူများ၏ မျှော်လင့်ချက်ရောင်ခြည်

ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်များ၏ နက်နဲသိမ်မွေ့မှုကြောင့် အချိန်ယူ ကျော်ဖြတ်ရသည့် အခိုက်အတန့်ကာလတွင် မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ ဆိုသည့် ပြည်သူများ၏ဆန္ဒများလည်း တစ်နေ့တခြား တိုးပွားနေမည်ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့သည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်နေ၍ ပြည်သူများက ထိုသို့မျှော်လင့်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ပြည်သူများ၏မျှော်လင့်ချက်လျော့ပါးမသွားစေရေးအတွက် ငြိမ်းချမ်းရေးကို ဆောင်ရွက်နေသည့်ခေါင်းဆောင်များက ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ပြီးပြည့်စုံသောအဆင့်သို့ မရောက်သေးသော်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်၏ အရေးကြီးအဆင့်များသို့ တက်လှမ်းနေသည်ကို ဝမ်းမြောက်ဖွယ်မြင်တွေ့ရသည်။

အရေးကြီးအဆင့်များဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ကို အပြီးသတ်ညှိနှိုင်းနိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များရေးဆွဲနိုင်ရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်အတွင်း အမြန်ဆုံးစတင်နိုင်ရေး စသည့် လုပ်ငန်းစဉ်များကို ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် ခေါင်းဆောင်များအားလုံးက တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကိုအခြေခံပြီး ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ယခုအခါ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိနေပြီဖြစ်သည်။ ထပ်မံကြိုးစားရုံဖြင့် ထာဝရ ငြိမ်းချမ်းရေးရရှိတော့မည်ဖြစ်သည်။ ငြိမ်းချမ်းရေးဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲ ရလဒ်များသည် ပြည်သူများ၏ မျှော်လင့်ချက်ရောင်ခြည်ပင်ဖြစ်သည်။

ယနေ့ကာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)တို့ ပထမဆုံးအကြိမ် နေပြည်တော်တွင် ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ယမန်နေ့က နေပြည်တော်တွင် ကျင်းပသော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အားလုံးပူးပေါင်း ဆောင်ရွက်မှုကြောင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် လက်တစ်ကမ်းတွင်သာ ရှိနေပြီဖြစ်သည့်အတွက် အနည်းငယ်ကြိုးစားရုံဖြင့် ထာဝရငြိမ်းချမ်းရေးကို ရရှိတော့မည်ဖြစ်ကြောင်း၊ ယင်းအတွက် ယခုလက်ရှိရရှိထားပြီးဖြစ်သည့် အခြေအနေကောင်းများကို အမိအရဆုပ်ယူပြီး ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ကချင်လွတ်မြောက်ရေးအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်စေရန်နှင့် မကြာခင်ဆွေးနွေးမည့် (၇)ကြိမ်မြောက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲမှ ပြည်သူများလိုလားနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းများကို အချိုးအကွေ့ဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော် ပေးဆပ်ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရှိရန် ခက်ခက်ခဲခဲကြိုးပမ်း အားထုတ်နေရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ဒီမိုကရေစီအစိုးရအနေဖြင့် အဆင့်ဆင့်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဆွေးနွေးလာခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် ဦးတည်ဆွေးနွေးနိုင်သည့် အခြေအနေကောင်းတစ်ခုသို့ပင် ရောက်ရှိနေပြီဖြစ်သည်။

ငြိမ်းချမ်းရေးအခြေအနေကောင်းတစ်ခုရရှိရန်အတွက် ခက်ခက်ခဲခဲ နှစ်ပေါင်းများစွာ ဆောင်ရွက်ရသော်လည်း ပျက်ပြယ်သွားရန်မှာ လွယ်ကူလှပါသည်။ ငြိမ်းချမ်းရေးမရရှိပါက ဦးစွာဒုက္ခရောက်ကြရသူများမှာ ပြည်သူများသာဖြစ်၍ ပြည်သူများက ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တနေကြခြင်းဖြစ်သည်။ ယခု ပြည်သူများ၏ မျှော်လင့်ချက်ရောင်ခြည်လင်းလက်လာပြီဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးကို လက်ဝယ်ပိုင်ပိုင်ရရှိအောင် ကြိုးပမ်းခြင်းဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ဆန္ဒကို ဖြည့်ဆည်းကြရမည်ဖြစ်သည်။ ။

# တာဝါတိုင်များမှ ထုတ်လွှင့်သည့်ရေဒီယိုလှိုင်းများနှင့် ပြည်သူ့ကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၆**

မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုများအတွက်အသုံးပြုသည့် ဆက်သွယ်ရေးတာဝါတိုင်များမှ ထုတ်လွှင့်သော ရေဒီယိုလှိုင်းများနှင့် ပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၆ ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက မိုဘိုင်းဆက်သွယ်ရေးကဏ္ဍ တိုးတက်လာစေရန်အတွက် ရေဒီယိုစခန်းများ တိုးချဲ့တည်ဆောက်ရာတွင် ရေဒီယိုလှိုင်းထုတ်လွှင့်မှုများအပေါ် ပြည်သူများက စိုးရိမ်ကြောင့်ကြမှုများရှိနေကြောင်း၊ မြန်မာနိုင်ငံသည် ရေဒီယိုလှိုင်း ထုတ်လွှင့်မှုများနှင့် စပ်လျဉ်း၍ ပြည်သူများအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ (ITU) တို့၏ သတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် အသုံးပြုနေသည့် ဆက်သွယ်ရေးတာဝါတိုင်များမှစက်များ၏ ထုတ်လွှင့်နေသော ရေဒီယိုလှိုင်းများနှင့် လျှပ်စစ်သံလိုက်စက်ကွင်းများသည် နိုင်ငံတကာ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီခြင်းရှိ မရှိကို GSM Association အကူအညီရယူလျက် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ရေဒီယိုလှိုင်းများနှင့် ပြည်သူတို့၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ မှန်ကန်သော အသိပညာပေးနိုင်ရန်နှင့် နိုင်ငံတကာတွင်ဆောင်ရွက်လျက်ရှိသော သုတေသနပြု ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပါဝင်လျက် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် GSMA မှ ဒါရိုက်တာ Dr.Jack Rowley က ဆက်သွယ်ရေး တာဝါတိုင်များမှ ထုတ်လွှင့်သော ရေဒီယိုလှိုင်းများသည် အလွန်အားနည်းသဖြင့် ပြည်သူများ၏ ကျန်းမာရေး ထိခိုက်နိုင်ဖွယ်ရှိသည့် သက်သေ အထောက်အထားကို အပြည်ပြည်ဆိုင်ရာသိပ္ပံပညာရှင်များ က တွေ့ရှိထားခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံတွင် အော်ပရေတာများ အသုံးပြုသည့်နည်းပညာနှင့် စက်ပစ္စည်းများသည်လည်း နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိသည်ကို မကြာခင်က တိုင်းတာရရှိသည့်အချက်များအရ တွေ့ရှိရကြောင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုအပေါ် တတ်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအား မတ် ၁၇ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိုင်ယာလန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁၇**

၂၀၁၅ ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီး မစ္စတာ ချားလ်ဖ် ဖလန်နဂန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မတ် ၁၆**

ဂျပန်နိုင်ငံ The Prince Park Tower Tokyo,Convention Hall တွင် မတ် ၁၇ ရက်၌ ကျင်းပမည့် Asia leaders Business Summit 2015 သို့ တက်ရောက်ဆွေးနွေးရန်အတွက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ(၂) ဦးသောင်းစုငြိမ်းနှင့်အတူ ဦးရဲမြတ်သူ၊ ဦးရဲမြင့်နိုင်တို့သည် ယမန့်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၂၇၀၀ | - | ၆၆၃၇၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၂၃၀၀ | - | ၆၆၃၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၀၇၈. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၉၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၇၇. ၂၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၄၅. ၉၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၀. ၄၀၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၇၈၃. ၅၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၃၇. ၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း




pm ay jri r v rsl; wi rn







## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

နှိုင်းယှဉ်ကြည့်ပါက အကောင်းအဆိုးကို မိမိတို့ ခွဲခြားသိမြင်နိုင်ပါကြောင်း၊ ငြိမ်းချမ်းစွာ နေထိုင်လိုခြင်းသည် ပြည်သူများ၏ စစ်မှန်သည့် ဆန္ဒဖြစ်ပါကြောင်း၊ စစ်ဘေးစစ်ဒဏ်ကို ကိုယ်တိုင်တွေ့ကြုံခဲ့ကြရသည့် ပြည်သူများ၏ ခါးသီးသည့် ဘဝကို မိမိတို့ စာနာထောက်ထားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ ငြိမ်းချမ်းရေးဆောင်ရွက်သည်ဆိုသည်မှာ ပြည်သူများ၏ ငြိမ်းချမ်းလိုသည့်ဆန္ဒကို ကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းပင် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရန်၊ မရရန် စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များသည် မိမိတို့ နှစ်ဖက်သောအဖွဲ့အစည်းများမှ (KEY PLAYER)များပင် ဖြစ်ပါကြောင်း၊ သို့သော်လည်း အကျိုးသက်ရောက်မှုများသည် ပြည်သူအားလုံးကို အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း၊ လက်နက်နှင့် တိုက်ခိုက်နေရုံမျှဖြင့် မပြီးဆုံးနိုင်ပါကြောင်း၊ ပြည်သူများပင် ဒုက္ခရောက်ကြရပါကြောင်း၊ တိုင်းပြည်သာ နစ်နာဆုံးရှုံးခဲ့ရသည်ဆိုသည်ကို အတိတ်ကဖြစ်ရပ်များနှင့် လတ်တလောဖြစ်စဉ်များက မီးမောင်းထိုးပြနေပါကြောင်း။

ထို့အတွက် ပြည်သူများကို ဒုက္ခရောက်စေသည့်၊ တိုင်းပြည်ဆုံးရှုံးနစ်နာစေသည့် မပြီးဆုံးနိုင်သည့် တိုက်ပွဲများကို လူတစ်စုဖြစ်သည့် မိမိတို့ဆက်ပြီး တိုက်နေကြဦးမည်၊ သို့တည်းမဟုတ် ယခုကဲ့သို့ စားပွဲတွင်ထိုင်ပြီး ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်း အဖြေရှာကြမည်ဆိုသည်ကို မိမိတို့ အလေးအနက်ထားစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် မြန်မာနိုင်ငံဟူသည့် နယ်နိမိတ်အတွင်း မွေးဖွားကြီးပြင်းနေထိုင်ကြသည့်သူများ ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အိမ်ကြီးတစ်အိမ်ထဲတွင် အတူတကွ မွေးဖွားကြီးပြင်းလာကြသည့် တိုင်းရင်းသားညီအစ်ကိုများဖြစ်ကြပါကြောင်း။

မတူကွဲပြားမှုအချို့ ရှိကြမည်ဖြစ်သော်လည်း ဤတိုင်းပြည်သည် မိမိတို့အားလုံးပိုင်သည့် တိုင်းပြည်ဖြစ်ပါကြောင်း၊ ပြည်သူများသည်လည်း မိမိတို့အားလုံးနှင့် သက်ဆိုင်သည့် ညီအစ်ကို မောင်နှမများ ဖြစ်ကြပါကြောင်း၊ မိမိတို့ကြောင့် ပြည်သူများအားလုံး ဒုက္ခရောက်ကြရသည့် အဖြစ်မျိုးမဖြစ်စေဘဲ မိမိတို့ကြောင့် ပြည်သူများ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်သွားပြီး တိုင်းပြည်လည်း ဆုံးရှုံးနစ်နာခြင်းမျိုးမဖြစ်တော့ဘဲ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်ကာ ကမ္ဘာ့အလယ်တွင် တင့်တယ်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ဟူသည့် သားစဉ်မြေးဆက် ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တမ်းတစ်ခုကို ချန်ထားရစ်ခဲ့နိုင်ရန် မိမိအနေဖြင့် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကချင်လွတ်မြောက် ရေးအဖွဲ့(ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာက ကေအိုင်အိုအနေဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်လိုလားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ခုနှစ် အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင်လည်း ကေအိုင်အိုအနေဖြင့် ပါဝင်တက်ရောက်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ (၁၇)နှစ်ကြာကာလအတွင်း စစ်ရေးပဋိပက္ခများ မရှိခဲ့ပါကြောင်း၊ ပဋိပက္ခများသည် ကောင်းကျိုးမပေးဆိုသည်မှာလည်း အမှန်တရား၊ အရှိတရားပင်ဖြစ်ပါကြောင်း၊ သမ္မတကြီး၏ ငြိမ်းချမ်းရေးဖိတ်ခေါ်သည့် မိန့်ခွန်းများကိုလည်း စောင့်ကြည့်လေ့လာမှတ်သားပြီး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထာဝရတည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးရရှိရေး၊ ယုံကြည်မှုနှင့် အခြေခံကောင်းများ တည်ဆောက်ပြီး အောင်မြင်သည်အထိ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ ကေအိုင်အိုဥက္ကဋ္ဌ၏ပေးစာကို သမ္မတကြီးထံ လက်ကမ်းပေးအပ်သည်။

ထို့နောက် ကေအိုင်အို ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်က ပြောကြားရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ယမန်နေ့က နွေးထွေးစွာတွေ့ဆုံကြပြီး ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆွေးနွေးခဲ့မှုများအပေါ် ဝမ်းသာအားရ ဖြစ်မိပါကြောင်းနှင့် ရလဒ်ကောင်းများ မျှော်လင့်နိုင်ပြီဖြစ်ပါကြောင်း၊ ကေအိုင်အိုအနေဖြင့် အခြားတိုင်းရင်းသားအဖွဲ့များနှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေးရရှိစေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့မှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်က မိမိအနေဖြင့် ကေအိုင်အိုနှင့် မိမိတို့ ပါဝင်သည့် NCCT ၏ သဘောထားများကို အနည်းငယ်တင်ပြလိုပါကြောင်း၊ ယခုခရီးစဉ်သည် ဟန်ပြသွားမည့် နိုင်ငံရေးကစားသည့် ခရီးစဉ် မဟုတ်ပါကြောင်း၊ မြစ်ကြီးနားတွင်ပြုလုပ်ခဲ့သည့် ကွန်ဖရင့်ကတည်းက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအောင်မြင်အောင် လုပ်ဆောင်ရမည့် အဓိကအချက်ကို ရှာဖွေမည်၊ မအောင်မမြင်ဖြစ်စေမည့် အဟန့်အတားမျိုး မပါဝင်အောင် ကြိုးစားမည်ဟု ကတိပြု ပြောကြားခဲ့ပါကြောင်း၊ မီဒီယာများနှင့် ပြင်ပအသံအချို့ကြောင့် နှစ်ဖက်စလုံးတွင် ယုံကြည်မှုလျော့နည်းခြင်းများ ရှိနိုင်ပါကြောင်း၊ ခေါင်းဆောင် အချင်းချင်း မတွေ့ဆုံနိုင်ခြင်းသည်လည်း နားလည်မှုများကို အားနည်းနိုင်ပါကြောင်း၊ ယနေ့တွင် ကေအိုင်အို အမြဲတမ်းဗဟိုကော်မတီဝင် သုံးဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့မှ ခေါင်းဆောင်များကိုယ်တိုင် သမ္မတကြီးအား တွေ့ဆုံတင်ပြခွင့်ရရှိသဖြင့် ကျေးဇူးတင်ရှိကြောင်း၊ ကေအိုင်အိုအနေဖြင့် NCCT မှာလည်း ဆက်လက်ပါဝင်ပူးပေါင်းပြီး Process လုပ်ငန်းစဉ်တစ်ခုလုံး အမှန်တကယ်အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားဖို့ ဆန္ဒပြင်းပြစွာ ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာ အပါအဝင် ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်၊ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်၊ ဗိုလ်မှူးကြီးလဖိုင်လ၊ ဗိုလ်မှူးကြီးခွန်နောင်၊ ဗိုလ်မှူးကြီးဇော်တောင်၊ ဒုတိယဗိုလ်မှူးကြီးဆင်ဝါး၊ ဒုတိယဗိုလ်မှူးကြီးလအောင်တို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ဝင်များထံ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ **(သတင်းစဉ်)**

---

## ရှမ်းပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ၃၇၆၃၉ ဦးဖြေဆို

**တောင်ကြီး မတ် ၁၆**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား ရှမ်းပြည်နယ်အတွင်း စာစစ်ဌာနအသီးသီးတွင် ယနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြရာ ရှမ်းပြည်နယ်တစ်ခုလုံးစာရင်းရှိ ကျောင်းသား ၁၅၁၄၂ ဦး၊ ကျောင်းသူ ၂၄၈၃၆ ဦး စုစုပေါင်း ၃၉၉၇၈ ဦးဖြစ်ရာ ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ၁၃၉၂၃ ဦး၊ ကျောင်းသူ ၂၃၇၁၆ ဦး စုစုပေါင်း ၃၇၆၃၉ ဦးဖြစ်သည်။ ပျက်ကွက် ကျောင်းသား ၁၂၁၉ ဦး၊ ကျောင်းသူ ၁၁၂၀ စုစုပေါင်း ၂၃၃၉ ဦးဖြစ်၍ စုစုပေါင်းဖြေဆိုသူ ၉၄ ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး တည်ငြိမ်အေးချမ်းစွာ အတူတကွ ပေါင်းစည်းနေထိုင်လိုစိတ်ဖြင့် ဆက်လက်ဆောင်ရွက်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံစဉ်။ (မြဝတီ)

**နေပြည်တော် မတ် ၁၆**

တိုင်းရင်းသားများ စုစည်းနေထိုင်သော နိုင်ငံတော်ဖြစ်၍ ကောင်းသော အကျိုးရလဒ်များ ခံစားကြရန် အရေးကြီးပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော ကိစ္စရပ်များသည် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းကြောင်းအတွက် ကောင်းသောလုပ်ဆောင်မှုများ၊ အကျိုးကျေးဇူးများ ဖြစ်ထွန်းရန် လိုအပ်ကြောင်း၊ ယခုတွေ့ဆုံမှုအား ကြိုဆိုပါကြောင်း၊ အနာဂတ်အတွက်လည်း အမှန်တကယ် မျှော်လင့်ပါကြောင်း၊ တိုင်းပြည်အတွက် ငြိမ်းချမ်းရေးရောင်ခြည် သန်းပြီဟု ဆိုနိုင်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)မှ ဒေါက်တာလဂျာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာ၊ ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်၊ ဒုတိယစစ်ဦးစီးချုပ် အက်စ်ဂွမ်မော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် သဘောထားအား သိရှိရ၍ ဝမ်းမြောက်ပါကြောင်း ၊ KIO /KIA ၏ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ ပွင့်လင်းစွာ တင်ပြမှုအတွက်လည်း ဝမ်းသာပါကြောင်း၊ ယနေ့နိုင်ငံတော်သည် ပါတီစုံပါဝင်သည့် ပြည်သူလူထုအုပ်ချုပ်မှုစနစ်ဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေကြောင်း၊ သွားနေသည့်လမ်းကြောင်းတူသော်လည်း လက်ဝဲလက်ယာ စသည်ဖြင့် ပါတီအဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခု မူဝါဒကွဲလွဲမှု အကောင်အထည်ဖော်ဆောင်ရာတွင် ကွဲပြားမှုများရှိနိုင်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းလုပ်ဆောင်နေမှုတို့တွင် ခိုင်မာစွာ ပါဝင်ဆောင်ရွက်နေကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရာတွင် Intention မှန်ဖို့လိုကြောင်း၊ သဘောထား မှန်မှန်ကန်ကန်နှင့် လုပ်ဆောင်မှုအားလုံးကိုလည်း ကြိုဆိုပါကြောင်း၊ တပ်မတော်အနေဖြင့် ပဋိပက္ခများတွင် လက်နက်ကိုင်ဖြေရှင်းမှုအား မလိုလားဆုံးဖြစ်ကြောင်း၊ တိုက်ပွဲများကြောင့် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများအတွက် မြန်မာတိုင်းရင်းသားများသာ ဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုမှာလည်း နစ်နာဆုံးရှုံးရကြောင်း၊ တပ်မတော်နှင့်လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လျော့သွားသော အင်အားကို Recuriting လုပ်၍ စုဆောင်းဖြည့်တင်းနိုင်သော်လည်း ပြည်သူလူထု၏ သားသမီးများ ဆုံးရှုံးပါက ပြန်လည်ဖြည့်၍ မရနိုင်သဖြင့် ဆုံးရှုံးမှုကြီးမားသောကြောင့် နက်နက်နဲနဲ ထည့်သွင်းစဉ်းစားပါကြောင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးမှုများကိုလည်း ဖြစ်နိုင်သလောက် အပြုသဘောဆောင်ပြီး ဆောင်ရွက်စေလိုပါကြောင်း၊ တပ်မတော်ပိုင်းတွင် စစ်စည်းကမ်း ကောင်းမွန်ခြင်းနှင့် အမိန့်နာခံခြင်းကို အခြေခံပြီး တစ်သွေးတည်း၊ တစ်သံတည်း၊ တစ်စိတ်တည်းဖြင့်၊ ညီအစ်ကိုစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများ အနေဖြင့်လည်း အောက်ခြေအဆင့်အထိပါ နားလည်လိုက်ပါလုပ်ဆောင်စေခြင်းဖြင့် သံသယများကို လျော့နည်းပပျောက်စေနိုင်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန် အမှန်တကယ် လိုလားပါကြောင်းဖြင့် ပြောကြားပြီး လတ်တလော ဖြစ်ပျက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာက နိုင်ငံတော် တည်ငြိမ်ရေး ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် တပ်မတော်က ကြိုးပမ်းဆောင်ရွက်ချိန်ဖြစ်ပြီး အားလုံး လိုက်နာမှ အောင်မြင်မည်ဆိုသည့် သဘောထားကို မိမိတို့တွင်လည်း ရှိပါကြောင်း၊ တိုင်းရင်းသားအားလုံး စုစည်းပူးပေါင်းထူထောင်ထားသည့် နိုင်ငံဖြစ်၍ တည်ငြိမ်အေးချမ်းစွာဖြင့် လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရန်မှာလည်း နိုင်ငံသားအားလုံး၏ မျှော်လင့်ချက်ဖြစ်သည်မှာ အမှန်တရားပင် ဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ဖြေရှင်းရန် တိုင်းရင်းသားအားလုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် လတ်တလောဖြစ်ပေါ်မှုများအပေါ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်က ယခုကဲ့သို့ နွေးထွေးစွာကြိုဆို၍ ရင်းနှီးပွင့်လင်းစွာ နှစ်ဖက်အပြန်အလှန် ဆွေးနွေးခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

ဒုတိယစစ်ဦးစီးချုပ် အက်စ်ဂွမ်မော်က NCA လက်မှတ်ရေးထိုးမှုသည် နောင်တစ်ချိန် တိုက်ပွဲများအတွက် ပြင်ဆင်ခြင်းမဖြစ်စေလိုဘဲ နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးတို့တွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး တည်ငြိမ်အေးချမ်းစွာ အတူတကွ ပေါင်းစည်းနေထိုင်လိုစိတ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် လက်ရှိဖြစ်ပျက်နေသော အခြေအနေအရပ်ရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**

# ထာဝရငြိမ်းချမ်းရေးဆီသို့

မြန်မာ့သတင်းစဉ်အဖွဲ့

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာနှင့်အဖွဲ့အား နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံခြင်းသည် နိုင်ငံတော်သမ္မတနှင့် (ကေအိုင်အို)အဖွဲ့တို့ ပထမဦးဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သော်လည်း ယုံကြည်မှုတည်ဆောက်ခြင်းကို ပိုမိုခိုင်မာအောင် ပြုလုပ်နိုင်ခဲ့ကြပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင်(ကေအိုင်အို)အနေဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ဆွေးနွေးပွဲတွင်ပါဝင်ခဲ့ကြသည့် တာဝန်ရှိသူများ၏ ငြိမ်းချမ်းရေးစကားသံများကို ဖော်ပြလိုက်ပါသည်-



ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း။



ဗိုလ်ချုပ်ဂွမ်မော် ဒုတိယစစ်ဦးစီးချုပ်



ဗိုလ်မှူးကြီးဇော်တောင် (ဗဟိုကော်မတီဝင်)

**ဦးအောင်မင်း**
**ပြည်ထောင်စုဝန်ကြီး**

ကျွန်တော်တို့ ဒီနေ့လုပ်တဲ့ပွဲကတော့ နိုင်ငံတော်သမ္မတကြီးက KIA၊ KIO ကချင်တိုင်းရင်းသားခေါင်းဆောင်တွေကို တွေ့ဆုံတဲ့ပွဲဖြစ်ပါတယ်။ သမ္မတကြီး နိုင်ငံခြားသွားခဲ့ပြီးတော့ အလုပ်တွေမအားလပ်တဲ့ကြားထဲမှာ ဒုတိယသမ္မတ ဦးစီးပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ မနေ့က MICC -2 မှာ အစည်းအဝေးလုပ်ခဲ့ပါတယ်။ သမ္မတကြီးကလည်း အခု တိုင်းရင်းသားခေါင်းဆောင်တွေကို လက်ခံတွေ့ဆုံပြီးတော့မှ ဆွေးနွေးပွဲလုပ်တာဖြစ်ပါတယ်။ ဒီမှာလည်း တိုင်းရင်းသားတွေဘက်က တင်ပြတာတော့ အဓိကအားဖြင့် တိုင်းပြည်က မခွဲထွက်ဘူး။ နောက်ပြီး ကျွန်တော်တို့ ငြိမ်းချမ်းရေးကို မရောက်ရောက်အောင်သွားမယ်ဆိုတာကို အဓိကထားပြီးတော့ သူတို့က ကတိပြုပြီးပြောဆိုတာရှိပါတယ်။ ဒါကြောင့်မို့ ဘာပဲဖြစ်ဖြစ် ဒီနေ့ သမ္မတကြီးနဲ့ တွေ့တဲ့ပွဲဟာ ကောင်းမွန်တဲ့ပွဲဖြစ်ပါတယ်။ ယုံကြည်မှုတွေပိုပြီးတော့ တည်ဆောက်နိုင်တယ်လို့ ပြောလို့ရပါတယ်။ သိပ်မကြာခင် ကာလမှာလည်း ငြိမ်းချမ်းရေးတွေရတော့မယ်လို့ ဒီလိုပဲ မျှော်လင့်တဲ့အကြောင်း တင်ပြလိုပါတယ်။

**ဗိုလ်မှူးကြီးဇော်တောင်(ဗဟိုကော်မတီဝင်)**
**ကချင်လွတ်မြောက်ရေးအဖွဲ့** (KIO)

သမ္မတကြီးနဲ့ ကျွန်တော်တို့ KIO အဖွဲ့အနေနဲ့ကတော့ ပထမအကြိမ် တွေ့တာပေါ့နော်။ ဒီနေပြည်တော်မှာ ရောက်နေတဲ့အချိန်မှာ သမ္မတကြီးနဲ့ တွေ့ခွင့်ရတယ်။ ပြီးတော့ ကျွန်တော်တို့က (၇)ကြိမ်မြောက် NCCD နဲ့ UPWC တွေ့တဲ့ တွေ့ဆုံဆွေးနွေးပွဲကို ကျွန်တော်တို့ KIO ကိုယ်စားလှယ်အနေနဲ့ ပါဝင်မှာဖြစ်တဲ့အတွက် ရန်ကုန်ကိုသွားရင်းနဲ့ ဝင်ခဲ့တာဖြစ်ပါတယ်။ ပြီးတော့မှ အခုချိန် KIO ဗဟိုကော်မတီဝင်ရှစ်ယောက် အင်အားပြည့် ပါဝင်တယ်ဆိုတာက KIO အနေနဲ့ NCCD ရဲ့ Peace Process မှာ အင်တိုက်အားတိုက် ပါဝင်ဖို့ရှိတယ်ဆိုတာ ဒီမှာသမ္မတကြီးကို တင်ပြထားတာ ဖြစ်ပါတယ်။

အခုဒီလို နိုင်ငံတော်အကြီးအကဲတွေနဲ့ တွေ့ရတဲ့အချိန်မှာ ကျွန်တော်တို့ KIO ရဲ့ လက်ခံထားတာတွေကို ပွင့်ပွင့်လင်းလင်းပြောနိုင်တဲ့အတွက်ကြောင့် ဝမ်းသာရပါတယ်။

ကျွန်တော်တို့ KIO အနေနဲ့ကတော့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုရရှိဖို့အတွက် အခုသွားနေတဲ့လမ်းကြောင်းကနေပဲ ဆက်လက်ပြီးတော့ အင်တိုက်အားတိုက် ပါဝင်သွားမယ်ဆိုတာကို ပြောကြားလိုပါတယ်။

**ဗိုလ်ချုပ်ဂွမ်မော်**
**ဒုတိယစစ်ဦးစီးချုပ် ကချင်လွတ်မြောက်ရေးအဖွဲ့** (KIO)

ကျွန်တော်တို့ကတော့ အခုလိုသမ္မတနဲ့ တွေ့ဆုံတဲ့အခါမှာ ကေအိုင်အိုရဲ့ သဘောထားတွေကို ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့ပါတယ်။ ကချင်လူမျိုးတွေ ကေအိုင်အိုကနေ ပြည်ထောင်စုထဲမှာ ဘယ်လိုပါဝင်ခဲ့တယ်။ ဒီပြည်ထောင်စုကြီးရဲ့ငြိမ်းချမ်းရေးခရီးစဉ်မှာ ကေအိုင်အိုက ဘယ်လိုပါဝင်သွားဖို့ ဆန္ဒရှိတယ်ဆိုတာ အတိအကျ ကျွန်တော်တို့ ပြောဆိုခဲ့တာဖြစ်ပါတယ်။ ကေအိုင်အိုရဲ့ သဘောထားနဲ့ (၆၈) ကြိမ်မြောက် ပြည်ထောင်စုနေ့ သဘောထား ထုတ်ပြန်ချက်အပေါ်မှာရယ်၊ နောက်အခု ရှေ့ဆက်ပြီးသွားမယ့် Peace Process အပေါ်မှာ ကေအိုင်အိုက အောင်မြင်အောင် ဘယ်လိုသွားမလဲဆိုတဲ့ အချက်သုံးချက်ကို အဓိကပြောတာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ဒီစစ်မှန်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုပုံစံအတိုင်း သွားမှာဖြစ်ပါတယ်။ ပြီးတော့ ပြည်ထောင်စုထဲမှာ အတူတကွနေထိုင်ခဲ့ကြတဲ့ ကချင်လူမျိုးတွေ ဘိုးစဉ်ဘောင်ဆက်ကတည်းက ကျွန်တော်တို့ ဆန္ဒအမှန်နဲ့ တည်ရှိနေခဲ့ကြတယ်ဆိုတာ အားလုံးကို ကျွန်တော်တို့ အသိပေးလိုတာဖြစ်ပါတယ်။ ဒီတစ်ခေါက် (၇)ကြိမ်မြောက်ဟာ အရေးကြီးပါတယ်။ ကျွန်တော်တို့ NCCT မှာက ၁၆ ဖွဲ့ ရှိပါတယ်။ ဒီ ၁၆ ဖွဲ့ရဲ့ သဘောထားတွေကို သေချာစုစည်းပြီး ကျွန်တော်တို့ ဒီနိုင်ငံတော်မှာ သွားနေတဲ့ လမ်းစဉ်တစ်ခုလုံးမှာ Time Frame က အရေးကြီးတယ်ဆိုတာလည်း ကေအိုင်အိုက နားလည်ပါတယ်။ အဲဒီတော့ Time Frame ကို အမီလိုက်နိုင်ဖို့နဲ့ ကျွန်တော်တို့နှစ်ဖက် အတိုးအလျှော့နဲ့ ညှိနှိုင်းနိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ကေအိုင်အိုအနေနဲ့ကတော့ အမျိုးသားညီလာခံကတည်းက တင်ပြချက်တွေအကုန်လုံးကို တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့အချက်တွေကို အဓိကထားပါတယ်။ ပြည်ထောင်စုအရေးပေါ့။ အဲဒီတော့ အခုလိုဆွေးနွေးပွဲတွေမှာ ပြည်သူလူထုတစ်ရပ်လုံးက အကောင်းမြင်သဘောမျိုးနဲ့ ကြည့်ရှုပြီးတော့ ကြားကနေပြီး ပြောနေတဲ့အသံတွေကို အဓိကနားမထောင်ဘဲသွားနေတဲ့ Process အပေါ်မှာ ထောက်ခံကြဖို့ ပြောလိုပါတယ်။ ကျွန်တော်တို့ အောင်မြင်အောင် လုပ်သွားမှာဖြစ်တယ်လို့ အားလုံးကို သတင်းကောင်းပေးလိုပါတယ်။ အလုပ်တွေမအားတဲ့ ကြားထဲကနေ နိုင်ငံတော်သမ္မတကြီးက ကျွန်တော်တို့နဲ့ တွေ့ဆုံတာဖြစ်ပါတယ်။ ဒါတကယ်ခြေလှမ်းအသစ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကေအိုင်အိုတွေနဲ့ နေပြည်တော်မှာ အခုလို နိုင်ငံ့ခေါင်းဆောင်တွေနဲ့တွေ့ဆုံတာ ပထမအကြိမ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ခြေလှမ်းအသစ်အနေနဲ့ ရှေ့ဆက်ပြီးသွားဖို့ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

◆ ကျောဖုံးမှ

ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ထားရှိပါကြောင်း၊ ထို့ပြင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် အသက် (၉၀) နှစ်နှင့် (၁၀၀) နှစ်အကြား အဘိုး၊ အဘွားများအား လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများအရ ထောက်ပံ့နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် ဘဏ္ဍာငွေ တင်ပြတောင်းခံထားရှိပြီး ဖြစ်ပါကြောင်း။

အသက် (၆၅) နှစ်နှင့် (၉၀)နှစ်အကြား အဘိုး၊ အဘွားများကို ဘဏ္ဍာရေးနှစ်အလိုက်ရရှိသော ဘဏ္ဍာငွေပေါ်မူတည်၍ တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီမိုကရေစီနှင့်အညီ မသန်စွမ်းသူများ၊ အသက် (၆၅)နှစ်ကျော် သက်ကြီးရွယ်အိုများကို လူမှုရေးထောက်ပံ့ကြေးများ တစ်လလျှင် သုံးသောင်းကျပ်နှုန်းဖြင့် ထောက်ပံ့ပေးရေးအတွက် နိုင်ငံတကာ NGO/ INGO တို့နှင့်ပူးပေါင်းပြီး ထောက်ပံ့ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။



ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း။



ဒုတိယဝန်ကြီး ဦးဘုန်းဆွေ။

ထို့နောက် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **နိုင်ငံသား စိစစ်ရေးကတ်များနှင့် ပတ်သက်၍ မိုးပွင့်စီမံချက်ချမှတ်ကာ မိုးပွင့်အဆင့် (၁)မှ (၇) အထိ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက်မည်ကဲ့သို့ အကုန်အကျခံဆောင်ရွက်ပေးခဲ့သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မိုးပွင့်စီမံချက်အဆင့် (၁)မှ အဆင့်(၇)အထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရန်ဟူ၍ သီးခြားအသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာန၏ ပုံမှန်ခွဲဝေခွင့်ပြုခဲ့သော သာမန်အသုံးစရိတ်အတွင်းမှသာ စီမံချက်လုပ်ငန်းအတွက် လိုအပ်သော ရုံးသုံးပုံစံများကို ဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ယူရိုက်နှိပ်ပြီး သက်ဆိုင်ရာအဖွဲ့များသို့ ခွဲဝေပေးလျက်ရှိပါကြောင်း။

မိုးပွင့်စီမံချက်အဆင့် (၁)ကာလအတွင်း မိမိဝန်ထမ်းများ သွားလာစရိတ်၊ စားစရိတ်အကုန်အကျ သက်သာစေရေးအတွက် မိမိတို့ရုံးစိုက်ရာ ဒေသမှ တစ်နာရီခရီးအတွင်းရှိ ဒေသများတွင်သာ ဆောင်ရွက်ခဲ့ပါကြောင်း၊ မိုးပွင့်စီမံချက်အဆင့် (၂)တွင်ဝန်ထမ်းများ ခရီးဝေးနှင့် ညအိပ်ဆောင်ရွက်ပေးစေလိုသည့် ရပ်ကွက်/ကျေးရွာအုပ်စုများအနေဖြင့်အုပ်ချုပ်ရေးရာ ကိစ္စရပ်များတာဝန်ယူကြောင်း တရားဝင်တင်ပြစာရရှိပြီးမှသာ ညအိပ်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မိုးပွင့်စီမံချက် အဆင့်(၄)ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျေးရွာများမှ ဝန်ထမ်းများ၏ သွားလာရေးကိစ္စနှင့် စားသောက်ရေးကိစ္စများ တာဝန်ယူဆောင်ရွက်ပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မိုးပွင့်စီမံချက် (၅) မှ (၇)ထိ ကာလအတွင်း လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုသာမန်အသုံးစရိတ်မှ စုစုပေါင်း ကျပ်ငွေ (၄၁၇ ဒသမ ၉၆၄)သန်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ယခင်မိုးပွင့်စီမံချက်များကို ထပ်မံအားဖြည့်၍ မိုးပွင့်အထူးစီမံချက် အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မိုးပွင့်စီမံချက်များ ဆောင်ရွက်ရာတွင် နေ့စားဝန်ထမ်းများ ခန့်ထားခြင်းမရှိဘဲ မိမိဝန်ထမ်းအင်အားများဖြင့်သာ ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း တင်သွင်းဆွေးနွေးခဲ့ပြီး အတည်ပြုခဲ့သော တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေနှင့်အညီ နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ပြန်ကြားလာမှုအပေါ် ရှင်းလင်းရာတွင် ယခုအဆိုကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပေးပို့ခဲ့ပါကြောင်း။

ယင်းအဆိုနှင့်ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၈/၈၈ ဥပဒေအမှတ် ၁/၉၇၊ ဥပဒေအမှတ် ၁၁/၂၀၁၁ တို့အရ စကားရပ်အစားထိုးသောအဖွဲ့အစည်းများတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မပါဝင်ခြင်းနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၂/၈၈ ဖြင့်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ပယ်ဖျက်ခဲ့ခြင်းတို့ကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အဖွဲ့အစည်းမရှိတော့ပါသဖြင့် နိုင်ငံရေးပင်စင်ခံစားခွင့် ရရှိရေးအတွက် တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေနှင့် အညီ ဆောင်ရွက်ပေး၍မရပါကြောင်း နိုင်ငံတော်သမ္မတရုံးမှ ပြန်ကြားလာမှုအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်သူ့လွှတ်တော်ရုံးသို့ ၂၀၁၅ ခုနှစ် မတ် ၂ ရက်တွင် ပေးပို့လာခဲ့ပါကြောင်းဖြင့် ရှင်းလင်းသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် ဖြေဆိုသူ ၅၄၇၆၉၀ ဦးရှိ

**နေပြည်တော် မတ် ၁၆**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်းစတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဓာတုဗေဒဘာသာရပ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၄၇၆၉၀ ရှိပြီး မြန်မာဘာသာရပ်ဖြေဆိုခဲ့သည့်နေ့ထက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၀၀၇၈ ဦး လျော့နည်းကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဇလွန်ကမ်းပါးနှင့် အထက်ဘက်ကမ်းပါးများ ရေစွယ်ထိုးမှုဖြစ်ပေါ်

**ဇလွန် မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့၏ ကျီးပင်တည်ရှိရာ ပင်မရေကာတာ၏ အရှေ့မြောက်ထောင့် ၁၀ ဒီဂရီအကွာ ကိုက် ၃၀၀ ဝန်းကျင်ခန့်မှ ယခင်နှစ်ကပေါ်ထွန်းလာသော သဲသောင်ခုံနေရာတွင် ယခုမတ်လ လက်ဝဲဘက်အား ရေကြောင်းပိုမိုဖွံ့ဖြိုးစေရန် နိုင်ငံတော်မှ သောင်တူးယန္တရားစက် နှစ်စီးဖြင့် ဆောင်ရွက်ပေးခဲ့သည်။

သို့သော် သီတင်းကျွတ်လ (ပွဲတော်ရေ) မြစ်ရေပြန်တက်လာချိန်တွင် သဲနုန်းများ ထပ်မံပို့ချလာသော



မြစ်ရေနည်းပါးချိန်တွင် သောင်နိမ့်အဖြစ် ပြန်လည်ပေါ်ထွန်းလာသည်။

ယခင်နှစ် ရေတက်ချိန် နယုန်လတွင် ယင်းသောင်ခုံ၏အစုံကြောင့် ဇလွန်ကမ်းပါးသို့ ရေစူးအနည်းငယ် ပြန်လည်ထိုးဖောက်လာသည့်အတွက် ဒေသခံများက ကျီးပင်ထိပ်အပါအဝင် ကမ်းပါးများကာကွယ်မှုလုပ်ငန်းများကို မိုးမကျမီ သက်ဆိုင်ရာက အမြန်ဆုံး ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။ **ဇလွန်(အေးခိုင်)**

○ **ဓာတ်အားလိုင်းများမှ**

ပင်းတလဲကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိပ်ဖြူဓာတ်အားခွဲရုံမှ ပင်းတလဲကျေးရွာထိ (၁၁) ကေဗွီလိုင်း( ၇) မိုင် တည်ဆောက်ရမည်ဖြစ်၍ ၁၁ ကေဗွီလိုင်း စုစုပေါင်း (၂၃) မိုင်နှင့် ကျေးရွာ (၂၂) ရွာအတွက် ထရန်စဖော်မာ (၂၃) လုံးတပ်ဆင်၍ ဓာတ်အားဖြန့်ဖြူးပေးရမည် ဖြစ်ပါကြောင်း၊ ကျေးရွာများအတွင်း၌ (၄၀၀) ဗို့ဓာတ်အားလိုင်းများကိုလည်း တည်ဆောက်သွားရမည်ဖြစ်ပြီး (၄၀၀) ဗို့ဓာတ်အားလိုင်းများမပါ ခန့်မှန်းကုန်ကျစရိတ်မှာ စုစုပေါင်းငွေကျပ် ( ၁၀၁၆ ဒသမ ၂၅) သန်းဖြစ်ပါကြောင်း၊ ကုန်ကျမည့် ရန်ပုံငွေအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ ဘတ်ဂျက်ခွင့်ပြုနိုင်မှု အခြေအနေအရပါဝင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း။

၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ (၁၁)ကေဗွီ ဓာတ်အားလိုင်း ခွဲရုံငယ်များနှင့် (၄၀၀) ဗို့ ဓာတ်အားလိုင်းများအသစ်တည်ဆောက်ခြင်းနှင့် အဟောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သည့်ကုန်ကျစရိတ်ကို တိုင်းဒေသကြီး/ ပြည်နယ်



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး။




မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မှ ဦးသော်ဇင်ဦး။

အစိုးရအဖွဲ့များက ရန်ပုံငွေတောင်းခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် (၁၁) ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ နောက်လာမည့် ဘဏ္ဍာရေးနှစ်များ၏ ဘတ်ဂျက်ရန်ပုံငွေတွင် ထည့်သွင်းလျာထား ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးဆလိုင်းခွဲယန်၏ **အိန္ဒိယ-မြန်မာ အာရှကားလမ်းမပေါ်တွင် ကျရောက်သည့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး က ရခိုင်ပြည်နယ် ကျောက်တော်ဒေသသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ပုဏ္ဏားကျွန်း - ကျောက်တော် (၆၆) ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဓာတ်အားပို့လွှတ်ပြီးဖြစ်ပါကြောင်း၊ ကျောက်တော်မှ တစ်ဆင့် ပလက်ဝဒေသသို့ ဓာတ်အားစနစ်မှ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ကျောက်တော်- ပလက်ဝ (၆၆) ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကို စီမံကိန်းချမှတ် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ၆၆/၁၁ကေဗွီ ၅ အမ်ဗွီအေ ပလက်ဝ ဓာတ်အားခွဲရုံ တည်ဆောက်၍ ၁၁ ကေဗွီဓာတ်အားလိုင်းများကို ကျေးရွာပေါင်း (၂၃) ရွာသို့ တည်ဆောက်ရမည်ဖြစ်ပြီး ၎င်းကျေးရွာများနှင့် ကိုက်ညီသည့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများကို တပ်ဆင်၍ ဓာတ်အားဖြန့်ဖြူးပေးသွားရန် ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ်(၁၂ ဒသမ ၂၃၅) ဘီလီယံဖြစ်ပါကြောင်း၊ ၎င်းတွင် ကျေးရွာတွင်း (၄၀၀) ဗို့ ဖြန့်ဖြူးရေးဓာတ်အားလိုင်းမပါဝင်သေးပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေပေးနိုင်မှု အခြေအနေအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင်လျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**



***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# သင်ကြားရေးမဏ္ဍိုင်

မောင်ဖုန်းပြည့်-တက္ကသိုလ်

အမျိုးသားပညာရေးနှင့်ပတ်သက်၍ စာရေးသူ တွေးမြင်မိသော "သင်ကြားရေးမဏ္ဍိုင်"ကိစ္စကို ဉာဏ်မီသမျှ ဆွေးနွေးတင်ပြလိုပါသည်။

ကမ္ဘာ့နိုင်ငံတိုင်းနီးပါးတွင် အမျိုးသားပညာရေးစနစ်နှင့်ပတ်သက်၍ တိုင်းပြည်တစ်ခုလုံး ခြုံငုံအသုံးပြုရသည့် သင်ကြားရေးမဏ္ဍိုင်ဘာသာစကားဟူ၍ ရှိပါသည်။ ယေဘုယျအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုသော ကျောင်းသုံး၊ ရုံးသုံး ဘာသာစကား (State Language)သည် သင်ကြားရေးမဏ္ဍိုင်ဘာသာစကား ဖြစ်လေ့ရှိပါသည်။ နိုင်ငံအချို့တွင် ကျောင်းသုံး၊ ရုံးသုံး စံဘာသာစကားနှင့်ယှဉ်တွဲ၍ ဒုတိယဘာသာစကား (Second Language)တစ်ခုခု (ပုံစံ-အင်္ဂလိပ်၊ ပြင်သစ်၊ စပိန် စသည်ဖြင့်)ကိုလည်း သင်ကြားရေးမဏ္ဍိုင်အဖြစ် သုံးလေ့ရှိပါသည်။ အိန္ဒိယနိုင်ငံတွင် လူအများစုသုံး ဟင်ဒီဘာသာနှင့် (ဗြိတိသျှ)ကိုလိုနီဖြစ်ခဲ့ဖူး၍ တစ်ပြည်လုံးလွှမ်းမိုးနေသော အင်္ဂလိပ်ဘာသာတို့သည် ကျောင်းသုံး၊ ရုံးသုံးဖြစ်ရုံမက သင်ကြားရေးမဏ္ဍိုင်ဘာသာစကား များလည်းဖြစ်ကြပါသည်။ အိန္ဒိယတွင် ဘာသာစကားပေါင်း ၅၀၀ ကျော်ရှိနေသဖြင့် အများနားလည်အသုံးပြုနိုင်သော ဒုတိယဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာစကားကို တစ်ပြည်လုံးအတိုင်းအတာဖြင့် သင်ကြားရေးမဏ္ဍိုင်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ (ပြည်နယ်နှင့်လူမျိုးစုအလိုက် သီးခြားဘာသာစကားဖြင့် သင်ကြားမှုရှိသော်လည်း အစိုးရကျောင်းများ၊ တက္ကသိုလ်များ၏ သင်ကြားရေးမဏ္ဍိုင်မှာ ကြားခံဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာစကားဖြစ်ပါသည်။)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင်လည်း လွတ်လပ်ရေးခေတ်ဦးမှ မျက်မှောက်ခေတ်အထိ မြန်မာစာသည် ကျောင်းသုံး၊ ရုံးသုံးဘာသာစာပေဖြစ်ပါသည်။ ယေဘုယျအားဖြင့် မြန်မာစာပေနှင့် ဘာသာစကားသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သင်ကြားရေးမဏ္ဍိုင်ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ ခေတ်ကာလအလျောက် ဘာသာရပ်အချို့ကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမှုရှိသော်လည်း ပင်မသင်ကြားရေးမဏ္ဍိုင်မှာ မြန်မာဘာသာစကားသာဖြစ်ပါသည်။ အခြေခံကျောင်းများတွင် အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာတစ်ရပ်အနေဖြင့် သင်ကြားပို့ချသော်လည်း အင်္ဂလိပ်ဘာသာမှာ စံမြန်မာစကား(ကျောင်းသုံး/ရုံးသုံးမြန်မာစကား) ပြောသူတို့အတွက် ဒုတိယဘာသာစကားဖြစ်မလာပါ။ ဒုတိယဘာသာစကားဟူသည် မိခင်ဘာသာစကားကိုရော ဘာသာခြားစကားတစ်ခုခုကိုပါ ကျောင်းမှာရော၊ ရုံးမှာရော၊ ဈေးဝယ်ရာမှာပါ လူမှုကိစ္စအားလုံးတွင် ပူးတွဲအသုံးပြုပါမှ ထိုဘာသာခြားစကားသည် ဒုတိယဘာသာစကားအဆင့်သို့ ရောက်မည်ဖြစ်ပါသည်။ မြန်မာအများစုသည် ကျောင်းတွင်၊ လုပ်ငန်းဌာနတွင် အင်္ဂလိပ်စကား သုံးချင်သုံးမည်။ နေ့စဉ်လူမှုဘဝမှာမူ မြန်မာလိုသာ ပြောဆိုသုံးစွဲနေကြသည်ဖြစ်၍လည်းကောင်း၊ မြန်မာစကားဖြင့်သာ သွားလာလှုပ်ရှားရောင်းဝယ်ဖောက်ကားနေသော ပတ်ဝန်းကျင်တွင် ကျင်လည်နေရ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာစကားသည် မြန်မာတို့အတွက် ဒုတိယဘာသာစကားအဆင့်သို့ ရောက်သည်ဟု မဆိုနိုင်ပါ။

မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားလူမျိုးများအနေဖြင့်မူ မိမိတို့၏ မိခင်ဘာသာစကား (Mother tongue)သည် ပထမဘာသာစကားဖြစ်၍ စံမြန်မာစကား (Standard Language) သည် ဒုတိယဘာသာစကားဖြစ်ပါသည်။ လက်တွေ့အားဖြင့် အသက်အရွယ်ကြီးသူတို့မှအပ လူငယ်နှင့်လူရွယ်ပိုင်း တိုင်းရင်းသားအများစု (အားလုံးကို မဆိုလိုပါ)သည် အများသုံးမြန်မာစကားကို ထမင်းစားရေသောက်လောက်တော့ ပြောနိုင်ကြပါသည်။ ပြောသည်ကို နားလည်တတ်ကြပါသည်။ နှုတ်ပြောစကားနှင့် လက်ဟန်အမူအရာကို ယှဉ်တွဲသုံးလျှင် ပို၍သဘောပေါက်လွယ်ကြပါသည်။ အကြောင်းမှာ ယေဘုယျအားဖြင့် မြန်မာပြည်အနှံ့ မူလတန်းကျောင်းများ ဖွင့်လှစ်ထားနိုင်ခြင်းနှင့် မြန်မာ့အသံ၊ ရုပ်မြင်သံကြားအစီအစဉ်များ၊ ဗီဒီယိုခွေဇာတ်လမ်းများမှတစ်ဆင့် မြန်မာဘာသာစကားနှင့် ရင်းနှီးနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချင်းတောင်တန်းဒေသမှ ချင်းတိုင်းရင်းသားတစ်ဦးနှင့် ရှမ်းပြည်နယ်မှ ရှမ်းတိုင်းရင်းသားတစ်ဦးတို့သည် သူတို့တတ်ကျွမ်းသော ဒုတိယဘာသာစကားလည်းဖြစ်၍ ကြားခံဘာသာစကားလည်းဖြစ်သည့် အများသုံးမြန်မာစကားနှင့် ဆက်သွယ်နိုင်ကြပါသည်။ ကချင်မြေမှ ဂျိန်းဖော့တစ်ဦးနှင့် ကရင်ပြည်နယ်မှ ပိုးကရင်တစ်ဦးတို့သည် ကြားခံအများသုံး မြန်မာစကားကို အသုံးပြု၍ ရင်းနှီးနိုင်ကြပါသည်။ နာဂဒေသမှ မျိုးနွယ်စုများစွာသည် မတူညီသောမျိုးနွယ်စုများ ဆက်သွယ်ရာ၌ ကြားခံဘာသာစကားအဖြစ် မြန်မာစကားကို အသုံးပြုကြရသည်။ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားမိဘပြည်သူတို့နှင့် မြေပြန့်ဒေသမှ မိဘပြည်သူတို့ အပြန်အလှန်ဆက်သွယ်သည့်အခါ အများသုံးမြန်မာစကားကို ကြားခံဘာသာစကားအဖြစ်သုံး၍ လွယ်ကူစွာဆက်သွယ်နိုင်ကြသည်။ ဤသည်မှာ ဘာသာစကားအသုံးပြုမှု၏ အခြေခံလက္ခဏာပင်ဖြစ်သည်။ အိန္ဒိယတွင် တိုင်းရင်းသားမျိုးစုံနှင့် ဘာသာစကား ၅၀၀ ကျော်ရှိသည်။ အိန္ဒိယတိုင်းရင်းသားတို့သည် အချင်းချင်းဆက်သွယ်နိုင်ရန် ဘာသာစကား ၅၀၀ ကျော် လိုက်သင်နေရန်မလိုပါ။ ကျောင်းသုံး၊ ရုံးသုံး အင်္ဂလိပ်ဘာသာ(သို့မဟုတ်) ဟင်ဒီဘာသာတတ်ထားလျှင် လုံလောက်ပါသည်။ အင်္ဂလိပ်ဘာသာသည် အိန္ဒိယပြည်သူအားလုံးအတွက် ကြားခံဘာသာစကားဖြစ်ပါသည်။ အမေရိကန်တွင် မူလက နိုင်ငံစုံ၊ ဘာသာစကားစုံ လူ့အဖွဲ့အစည်းတို့သည် မိမိတို့အချင်းချင်း စပိန်က စပိန်ဘာသာ၊ အီတလီက အီတာလျံဘာသာ၊ ပြင်သစ်က ပြင်သစ်ဘာသာ စသည်ဖြင့် ပြောဆိုသုံးစွဲကြသော်လည်း အမေရိကန်ပြည်ထောင်စုတစ်ခုလုံးနှင့် လွှမ်းခြုံသည့် ပညာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည့် ကိစ္စများအတွက်မူ ကျောင်းသုံး၊ ရုံးသုံးဖြစ်သည့် အင်္ဂလိပ်ဘာသာစကားကိုသာ သုံးစွဲကြရသည်။

ကနေဒါကဲ့သို့ ပြည်သစ်နွယ်ဖွားများကြီးစိုးသည့် ဒေသအချို့ရှိသည့် နိုင်ငံများတွင်လည်း ဤသဘောအတိုင်းပင်ဖြစ်ပါသည်။ ကွိဘက်ကဲ့သို့ ပြင်သစ်နွယ်ဖွားတို့ကြီးစိုးရာဒေသများရှိ အခြေခံကျောင်းများတွင် ပြင်သစ်ဘာသာကို သင်ကြားရေးမဏ္ဍိုင်အဖြစ်ထားပြီး အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားသည်။ သို့သော် ထိုပြင်သစ်နွယ်ဖွား ကလေးသူငယ်တို့သည် တက္ကသိုလ်သို့ရောက်ရှိလျှင် (သို့မဟုတ်)အခြားတစ်နိုင်ငံလုံးနှင့်ဆိုင်သည့် ပညာသင်ကြားရေးအပါအဝင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည်တို့နှင့်ပတ်သက်လာလျှင် ကျောင်းသုံး၊ ရုံးသုံးဖြစ်သော အင်္ဂလိပ်ဘာသာစကား (သို့မဟုတ်)နိုင်ငံ၏ ပဓာနသင်ကြားရေးမဏ္ဍိုင်ဖြစ်သော အင်္ဂလိပ်ဘာသာစကားကိုသာ လေ့လာသင်ကြားသုံးစွဲကြရပါသည်။ ဆိုလိုသည်မှာ ကနေဒါနိုင်ငံရှိ ပြင်သစ်နွယ်ဖွားလူ့အသိုက်အဝန်းသည် ပြင်သစ်နှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးကို သုံးစွဲသည့်နှစ်ဘာသာသုံးစနစ် (bilingualism) ကို သုံးသည်ဟုဆိုသော်လည်း လက်တွေ့လူမှုဘဝတွင် သင်ကြားရေးမဏ္ဍိုင်ကျောင်းသုံး၊ ရုံးသုံးဘာသာစကားကို အားပြုရသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

> **အခြေခံပညာသင်ရိုးများကို သက်ဆိုင်ရာမိခင်ဘာသာစကားဖြင့် မူလတန်းတွင် ၆၀ ရာခိုင်နှုန်း၊ အလယ်တန်းတွင် ၄၀ ရာခိုင်နှုန်း အခြေပြု သင်ကြားရမည်ဟူသော ယူဆချက်မှာ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အားနည်းလှပါသည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ခန့်ရှိ၍ တိုင်းရင်းသားဘာသာစကားပေါင်းစုံနှင့် ဒေသိယစကားပေါင်းစုံရှိပါသည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး မြန်မာလူမျိုးကျောင်းအုပ်ကြီး၊ စာပေနှင့် ဘာသာဗေဒပညာရှင် ဆရာကြီး ဦးဖေမောင်တင်၏ အဆိုအမိန့်အတိုင်းပြောရလျှင် ဤမျှများပြားလှသော တိုင်းရင်းသားလူမျိုးများက ဤမျှများပြားလှသော ဘာသာစကားပေါင်းစုံကို ပြောဆိုနေကြခြင်းမှာ ဝမ်းမြောက်ဖွယ်ကောင်းလှပါသည်။ ဘာသာစကားများကို မပျောက်ပျက်အောင် ထိန်းသိမ်းရေးမှာ အလွန်လိုအပ်လှပါသည်။ ဆရာကြီးမင်းသုဝဏ်မိန့်ဆိုဖူးသကဲ့သို့ ကျေးလက်တေးကဗျာများ၊ ရိုးရာပုံပြင်များ၊ ဒေသိယစကား၊ တိုင်းရင်းသားဘာသာစကားနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းခြင်းသည် အမျိုးသားရေးကုသိုလ်ကို ဆည်းပူးခြင်းတစ်မျိုးပင်ဖြစ်သည်ဟူသည့်အတိုင်း တိုင်းရင်းသားဘာသာစကားများကို ထိန်းသိမ်းရန်ဆောင်ရွက်ခြင်းမှာ အမျိုးသားကုသိုလ်ပင်ဖြစ်ပါသည်။

ထိုသို့ထိန်းသိမ်းရာတွင် အခြေခံပညာမူလတန်းများမှစ၍ သက်ဆိုင်ရာတိုင်းရင်းသားဒေသဘာသာစကားနှင့် (စာပေရှိပြီးလျှင်)စာပေများ တတ်ကျွမ်းအောင်သင်ကြားပေးခြင်း၊ စာပေမရှိသေးသော ဘာသာစကားများအတွက် စာပေတီထွင်ပေးခြင်း၊ ရိုးရာဓလေ့ထုံးစံများကို မြတ်နိုးစောင့်ရှောက်တတ်ရန် လမ်းညွှန်ပို့ချပေးခြင်း၊ ယင်းသင်ကြားပို့ချမှုများကို အချိန်ပို(စိတ်ကြိုက်) ဘာသာတစ်ရပ်အဖြစ် သင်ကြားရာမှ (တိုင်းရင်းသားလူမျိုးစုဦးရေအချိုးအစားများလျှင် များသလို) ကျောင်းချိန်အတွင်း သင်ကြားပို့ချပေးနိုင်လျှင် သင်ကြားပို့ချပေးခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တက္ကသိုလ်ကြီးများတွင် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဒီပလိုမာသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဖော်ပြပြီးခဲ့သည့် လုပ်ငန်းများအရှိန်အဟုန်ရလာလျှင် ရန်ကုန်၊ မန္တလေးတို့ကို အစပြုပြီး မော်လမြိုင်၊ တောင်ကြီး၊ စစ်တွေ၊ မြစ်ကြီးနားစသည့် တက္ကသိုလ်များတွင် ဒေသအလိုက် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်များ သီးခြားဖွင့်လှစ်ပေးခြင်းတို့ဖြင့် စနစ်တကျ အကောင်းဆုံးဆောင်ရွက်ပေးနိုင်ပါသည်။ ထိုကဲ့သို့ ဒီပလိုမာသင်တန်းများဖွင့်ပေးနိုင်လျှင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်များဖွင့်ပေးနိုင်လျှင် မြန်မာပြည်အတွင်းမှ တိုင်းရင်းသားရေးရာကို စိတ်ပါဝင်စားသူများ၊ ဘာသာစကားနှင့် လူမှုဗေဒသုတေသီများ၊ မြန်မာတိုင်းရင်းသားဘာသာ၊ စာပေနှင့် ဓလေ့ထုံးစံကို စိတ်ပါဝင်စားသော နိုင်ငံခြားသားပညာသင်များ၊ သုတေသီများ တက်ရောက်လေ့လာဆည်းပူးခွင့်ရကြမည်ဖြစ်ပါသည်။ တိုင်းရင်းသားဘာသာစာပေယဉ်ကျေးမှုကိုလည်း မြှင့်တင်ပြီးဖြစ်သွားပါမည်။

ယခုလောလောဆယ်တွင် ကြားသိနေရသော တိုင်းရင်းသားဒေသအားလုံး၌ သက်ဆိုင်ရာသင်ရိုးအားလုံးကို မိခင်တိုင်းရင်းသားဘာသာ၊ စာပေတို့ကို အခြေပြုသင်ကြားရမည်ဟု အရေးဆိုနေသော တောင်းဆိုသံသည် ကောင်းပင် ကောင်းငြားသော်လည်း လက်တွေ့ဆောင်ရွက်ရန် အလွန်ခက်ခဲလှပါသည်။ ထိုတောင်းဆိုသံသည် သီအိုရီ (ပုံသေနည်းအရ) မှန်ကန်ပါသည်။ သို့သော် လက်တွေ့အလုပ်မဖြစ်နိုင်သော သီအိုရီဖြစ်ပါသည်။

ရှင်းပါမည်။ တိုင်းရင်းသားလူမျိုးစုကြီးများကို အုပ်စုခွဲထားသော်လည်း ယင်းလူမျိုးစုများတွင် ဘာသာစကားများစွာ ကွဲပြားနေပါသည်။ သာဓကအားဖြင့် ချင်းဘာသာစကားတွင် တီးတိန်နယ်၊ ဖလမ်းနယ်၊ ဟားခါးနယ်၊ မင်းတပ်နယ်၊ မတူပီနယ်၊ ပလက်ဝနယ်၊ မြေပြန့်ဒေသများ(အရှိုချင်း)၊ လူရှေချင်းနယ်စသည့် ဘာသာစကားအုပ်စုကြီးရှစ်ခုရှိသည်။ ယင်းတို့မှ ကွဲပြားသွားသော ဘာသာစကားပေါင်း ၅၀ ကျော်ခန့်ရှိသည်ဟု သုတေသနမှတ်တမ်းများအရ သိရသည်။ ချင်းဘာသာတွင် တစ်မျိုးသားလုံးသုံးနိုင်သော ဘုံဘာသာစကား (Common Language)လည်း မရှိသေးပါ။ ဒေသတစ်ခုတည်းမှာပင်လျှင် တောင်ရိုးတစ်ရိုး၊ နှစ်ရိုး ကျော်ရုံနှင့် ဘာသာစကားများ ကွဲပြားသွားသည်လည်း ရှိပါသည်။ ထိုမျှ များပြားသော ဘာသာစကားများအတွက် ဒေသတစ်ခုလျှင် ဘာသာစကား တစ်ခုစီနှင့် သင်ကြားပေးရန် အဆင်ပြေမည်မဟုတ်ပါ။ သင်ပေးနိုင်သည်ဆိုပါဦး။ ထိုကျောင်းသား ကျောင်းသူတို့ တက္ကသိုလ်၊ ကောလိပ် စသည်တို့သို့တက်သောအခါ သူတို့အတွက် သူတို့ကျွမ်းကျင်သော ဘာသာစကားဖြင့် ကူညီရှင်းပြပေးနိုင်သူ မည်မျှရှိနိုင်ပါမည်နည်း။ အခြေခံသင်ရိုးတို့ကိုပင်လျှင် သက်ဆိုင်ရာဘာသာရပ်များကို ပြည့်စုံအောင် ဘာသာပြန်ဆိုနိုင်ရန် အချိန်အလွန်ပေးရပါလိမ့်မည်။ တက္ကသိုလ်၊ ကောလိပ်တို့၌ ပို၍ခက်ခဲပါလိမ့်မည်။ ဤဘာသာပြန်သင်ရိုးအခက်အခဲကို ဖြေရှင်းနေရသည်နှင့်ပင် နှစ် ၅၀ မှ နောက်ကောက်ကျခဲ့ရသော မြန်မာနိုင်ငံရှိ ပညာရေးမှာ နောက်ထပ်နှစ် ၂၀ ခန့် အချိန်ဖြုန်းနေရဦးမည် ထင်ပါသည်။

ဤသည်မှာ သာဓကတစ်ခုသာဖြစ်ပါသည်။ ကျန်တိုင်းရင်းသားဘာသာစကား အုပ်စုကြီးတို့တွင်လည်း ဘာသာစကားခွဲများစွာရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်လည်း တိုင်းရင်းသားဘာသာစကား အုပ်စုပေါင်း များစွာရှိကြပါမည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ လီဆူး၊ လားဟူ၊ ဗမာ၊ တောင်ရိုး၊ ဓနု၊ အင်းသားစသည့် တိုင်းရင်းသားပေါင်းစုံရှိကြပါသည်။ ဤသို့ဆိုလျှင် ရှမ်းပြည်နယ်တောင်ပိုင်း၌ ဘာသာရပ်များကို တိုင်းရင်းသားဘာသာစကားတစ်ခုစီဖြင့် သင်ကြားသင်ယူရန် စီစဉ်ရမည်ဆိုလျှင် သင်ရိုးစုံဘာသာပြန်ရခြင်း အပါအဝင် ကြိုတင်စီစဉ်ရမည့်ကိစ္စများမှာ ဝန်နှင့်အားမမျှအောင်ပင်ဖြစ်ရပြီး လက်တွေ့တွင်လည်း အလုပ်မဖြစ်နိုင်သည်မှာ သေချာပါသည်။ တောင်ရိုး၊ ဓနု၊ အင်းသားတို့သည် မြန်မာဒေသိယများဖြစ်၍ မခက်ခဲလှသော်လည်း ကျန်တိုင်းရင်းသားဘာသာစကားတို့အတွက်မူ အခက်အခဲရှိနိုင်ပါသည်။ ကရင်ပြည်နယ်က ကရင်ဘာသာစကားတစ်မျိုးမျိုးဖြင့် မူလတန်းဆင့်၊ အလယ်တန်းဆင့် ပညာတတ်များပေါ်ထွက်လာမည်။ ကချင်ပြည်နယ်က ကချင်ဘာသာစကား တစ်မျိုးမျိုး (ဂျိန်းဖော့၊ ရဝမ်၊ လီဆူး၊ လောပေါ်၊ အတ်ဇီ၊ ပိုင်သာ၊ ဖွန်း စသည်ဖြင့်) ပညာတတ်များပေါ်ထွက်လာမည်ဆိုပါစို့၊ ထိုပညာတတ်ပုဂ္ဂိုလ်တို့အတွက် ရပ်တည်ကျင်လည်ခွင့်ရှိသော နယ်ပယ်မှာ အလွန်ကျဉ်းမြောင်းသွားပါလိမ့်မည်။

ထို့ကြောင့် အခြေခံပညာသင်ရိုးများကို သက်ဆိုင်ရာ မိခင်ဘာသာစကားဖြင့် မူလတန်းတွင် ၆၀ ရာခိုင်နှုန်း၊ အလယ်တန်းတွင် ၄၀ ရာခိုင်နှုန်း အခြေပြုသင်ကြားရမည်ဟူသော ယူဆချက်မှာ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အားနည်းလှပါသည်။ တိုင်းရင်းသားဘာသာစကားအုပ်စုကြီးတစ်ခု၌ပင်လျှင် ဘာသာစကားမျိုးခွဲ များစွာရှိနေသည်ဖြစ်ရာ နယ်တစ်နယ်တွင် ဘာသာစကားတစ်မျိုးစီဖြင့် အခြေပြုဘာသာစကား အမျိုးပေါင်းများစွာကို အသုံးပြုနေရမည်ဖြစ်ပါသည်။ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် မလွယ်ကူလှပါ။ တိုင်းရင်းသားဘာသာစကားအချို့တွင် စာပေမရှိသေးသည့်အတွက် ပို၍ခက်ခဲနိုင်ပါသည်။ အထူးသဖြင့် သင်ရိုးပြဋ္ဌာန်းစာများကို သက်ဆိုင်ရာဘာသာစကားနှင့် (စာပေရှိပြီးလျှင် စာပေသို့ ဘာသာပြန်ဆိုရန်မှာ အချိန်များစွာ ယူရဦးမည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုကြီးတစ်ခုရှိ ဘာသာစကားအားလုံးတွင် အများသဘောတူသတ်မှတ်ထားသော ဘုံဘာသာစကား (Common Language) မရှိသေးသည့်ဒေသများအတွက် အချိန်ယူနေရဦးမည် ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူတစ်ဦးတည်း၏ ဆန္ဒကို တင်ပြလိုပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားဒေသများတွင် မူလတန်းပညာသင်ကြားရာ၌ ဆရာ ဆရာမတို့သည် မိမိတို့ရောက်ရှိရာ ဒေသ

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

## လွှတ်တော်ရေးရာ



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

❐ **၂၀၁၅ ခုနှစ်မှ** သဘောတူ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိနိုင်ငံတစ်နိုင်ငံတည်း၏သဘောဖြင့် ဆောင်ရွက်၍ မရပါကြောင်း။

ကုန်ပစ္စည်းများအား General Exclusion List စာရင်းတွင် ထည့်သွင်းလိုခြင်းကိစ္စနှင့် ပတ်သက်၍ အာဆီယံကုန်သွယ်ရေး သဘောတူစာချုပ်တွင် ကုန်စည်အုပ်စု (၈) မျိုး သတ်မှတ်ထားခဲ့ပြီး ယင်း(၈) မျိုးတွင် General Exclusion List စာရင်းမရှိပါကြောင်း၊ Schedule H (General Exception List)သာရှိပြီး ယင်းစာရင်းတွင် လက်နက်ခဲယမ်းမီးကျောက်၊ ဘိန်း၊ လောင်းကစားပစ္စည်း၊ ရှေးဟောင်းပစ္စည်း၊ လူ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည့် ကုန်စည် အုပ်စုများသာ ထည့်သွင်းရန်သတ်မှတ်ထားပါကြောင်း၊ အဆိုပြုကုန်စည်အုပ်စု (၉)မျိုးအနက် ဆန်၊ သကြား၊ ကော်ဖီနှင့် လက်ဖက်တို့မှာ Schedule D(Sensitive List)တွင် ပါဝင်ပြီးဖြစ်ပြီး ကျန်ကုန်စည်အုပ်စု (၅)မျိုးတွင် Schedule A(Inclusion List)တွင် ပါဝင်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့ပြင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများကို ဆွေးနွေးခြင်းအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုသို့ရှင်းလင်းဆွေးနွေးရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဝန်ကြီးဌာနနှင့် ဦးစီးဌာန ၄ ခု၏ စက်သုံးဆီစရိတ်၊ ပြုပြင်ထိန်းသိမ်းရေး စရိတ်၊ ဧည့်ခံကျွေးမွေးရေးစရိတ်များသည် ယခင်နှစ်များ၏ပြုပြင်ပြီး သာမန် အသုံးစရိတ်ထက် လျှော့နည်းတောင်းခံခဲ့ပါကြောင်း၊ မြန်မာ့သစ်လုပ်ငန်း၏ ပြုပြင်ပြီး သာမန်အသုံးစရိတ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထက် ပိုမိုတောင်းခံရခြင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ဝင်ငွေခွန်များ ထည့်ဝင်ရန်နှင့် ဝန်ထမ်းလစာလုပ်အားခနှင့် ပင်စင်လစာတိုးမြှင့်ခဲ့ခြင်းအပေါ် ထည့်ဝင်ရန်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စုစုပေါင်း သာမန်အသုံးစရိတ် တောင်းခံထားခြင်းအပေါ် လစာ၊ လုပ်အားခ၊ ပင်စင်လစာ၊ နိုင်ငံတော်၏ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ ပေးသွင်းပြီးသည့်အခါ မြန်မာ့သစ်လုပ်ငန်းအတွက် အမှန်တကယ်သုံးစွဲရန်ငွေမှာ အနည်းငယ်သာ ကျန်ရှိတော့မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးကော်မရှင်နှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများက အသုံးစရိတ်များကို အဆင့်ဆင့် စိစစ်ထားပြီးဖြစ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အရအသုံးဆိုင်ရာ တင်ပြတောင်းခံမှုကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ထပ်မံ၍ ၅ ရာခိုင်နှုန်းဖြတ်တောက်မည်ဆိုပါက အခက်အခဲရှိနိုင်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ကျန်းမာရေးဝန်ကြီးဌာနသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုအတွက် ဘတ်ဂျက်၏ (၂၅) ရာခိုင်နှုန်းခန့် သုံးစွဲရန်လျာထားပြီး ဆေးကုသမှုလုပ်ငန်းများအတွက် (၆၆) ရာခိုင်နှုန်းသုံးစွဲရန် လျာထားပါကြောင်း၊ တစ်နည်းအားဖြင့် ဘတ်ဂျက်၏ (၉၀) ရာခိုင်နှုန်းခန့်ကို ပြည်သူများကို တိုက်ရိုက်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးအပ်ရန် သုံးစွဲမည်ဖြစ်ပြီးကျန် (၁၀) ရာခိုင်နှုန်းကို လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရန် (၄ ဒသမ ၅) ရာခိုင်နှုန်းခန့်နှင့် အုပ်ချုပ်ထောက်ပံ့မှု/ သုတေသနလုပ်ငန်းများအတွက် (၄) ရာခိုင်နှုန်းခန့် သုံးစွဲရန်လျာထားပါကြောင်း၊

ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ဘတ်ဂျက်ခွဲဝေမှုသည် (၂၅) ရာခိုင်နှုန်းသာ ရှိသော်လည်း ပြည်တွင်း/ ပြည်ပမှ ရရှိသည့် အကူအညီအထောက်အပံ့အများစုသည် ပြည်သူ့ကျန်းမာရေးကဏ္ဍကို ရောက်ရှိမည်ဖြစ်သည့်အတွက် လုပ်ငန်းပမာဏသည် ကုသရေးကဏ္ဍနှင့် တန်းတူဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ လယ်ဝေးအားကစားကွင်းအသစ် တည်ဆောက်ခြင်းလုပ်ငန်းတန်ဖိုးကျပ်သန်း (၂၈၈) သန်းအားကျပ်သန်း (၁၀၀) သို့လည်းကောင်း၊ လယ်ဝေးအားကစားကွင်း မီတာ (၁၀၀) Synthetic Track ခင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းတန်ဖိုးကို (၁၃၇ ဒသမ ၄)သန်းသို့လည်းကောင်း လျှော့ချ၍ ပါရှိခဲ့ပါကြောင်း။

လယ်ဝေးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီမှ မြေနေရာအား ရှာဖွေပြီး အားကစားဝန်ကြီးဌာနသို့ ပြန်လည်တင်ပြခဲ့ရာ အဆိုပါမြေသည် (၁၉ ဒသမ ၁၉၇) ဧကရှိပြီး လယ်ဝေးမြို့ရှိ ယာဉ်ပျံ မြောက်အရပ်တွင် တည်ရှိပြီး ၁၉၈၃ ခုနှစ်ကတည်းကပင် လန(၃၉) ခွင့်ပြုချက်ရရှိထားပြီးသော မြေဖြစ်သောကြောင့် လူငယ်အားကစားသမားများ စိတ်ဝင်စားသော ခေတ်မီစံနမူနာ မြို့နယ်အဆင့် အားကစားကွင်း(၁)ကွင်း တည်ဆောက်ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတင်ပြတောင်းခံခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်မှုဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ကုန်သွယ်မှုအရှုံးနှင့် ငွေသားလိုငွေများဖြစ်ပေါ်ရခြင်းသည် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ထုတ်လုပ် ရောင်းချခြင်းအတွက် အရည်အသွေးနှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် အမှာစာရရှိသမျှကိုသာ ထုတ်လုပ်ရောင်းချခြင်းနှင့် နိုင်ငံပိုင်အခန်းကဏ္ဍလျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံများကို ပုဂ္ဂလိကသို့ နှစ်တို၊ နှစ်ရှည်ငှားရမ်းဆောင်ရွက်နေပါသဖြင့် ငှားရမ်းခသာ ရရှိခြင်းတို့ကြောင့် ရငွေလျော့နည်းရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**

---

◆**စာမျက်နှာ ၆ မှ**

ဘာသာစကားကို အခြေခံမှု ရအောင်ကြိုးစားသင်ယူပြီး ကလေးများအား သင်ရိုးမဏ္ဍိုင်မြန်မာဘာသာစကားနှင့် တိုင်းရင်းသားဒေသဘာသာစကားကို ယှဉ်တွဲလျက် နှစ်ဘာသာသုံးစနစ် bilingualism သဘောမျိုးဖြင့် သက်ဆိုင်ရာ ပြဋ္ဌာန်းဘာသာရပ်များကို ရှင်းလင်းပို့ချပေးသင့်ပါသည်။ ထိုအခါ ကျောင်းသား ကျောင်းသူတို့သည် ဘာသာရပ်၏ သဘောတရားကိုရော သင်ရိုးမဏ္ဍိုင် မြန်မာဘာသာစကားကိုပါ တတ်ကျွမ်းသွားပါလိမ့်မည်။ ဆရာ/ဆရာမတို့အဖို့ ပထမတွင် အခက်အခဲရှိနိုင်သော်လည်း တိုင်းရင်းသားဒေသဘာသာစကားကို တတ်ကျွမ်းသွားခြင်းသည် မိမိတို့အတွက် အမြတ်ကြီးကြီးမားမားရလိုက်ခြင်းဖြစ်ပါသည်။ ဒေသဘာသာစကားကို တတ်ကျွမ်းသွားလျှင်ပျော်စရာ၊ဝမ်းမြောက်စရာဖြစ်သွားသကဲ့သို့ သင်ကြားရေး၌လည်း ထိရောက်အောင်မြင်နိုင်ပါသည်။ ဆရာတပည့် ဆက်ဆံရေး၌လည်း ပိုမိုနက်ရှိုင်းလေးနက်နိုင်ပါသည်။

မူလတန်းတွင် အခြေခံရသွားပြီးလျှင် အလယ်တန်း၊ အထက်တန်းသို့ ရောက်လျှင် သင်ကြားရေးမဏ္ဍိုင် ဘာသာစကားအတွက် အခက်အခဲမရှိနိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုလူငယ်တို့အတွက် မိခင်ဘာသာစကားသည် ပထမဘာသာစကားဖြစ်၍ မြန်မာဘာသာစကားသည်ဒုတိယဘာသာစကားဖြစ်သွားသောကြောင့် ဖြစ်ပါသည်။ ဒေသအခြေအနေအရ အလယ်တန်း၊ အထက်တန်းတို့တွင်လည်း ဆရာဆရာမများက လိုအပ်သည့်နေရာများတွင် တိုင်းရင်းသားဒေသသုံး ဝေါဟာရများ၊ အသုံးအနှုန်းများဖြင့် ထပ်ဆင့်ရှင်းပြပေးနိုင်လျှင် ပိုမိုအဆင်ပြေနိုင်ပါသည်။ တိုင်းရင်းသားဒေသတို့၌ အမှုထမ်းရသော(ဒေသခံမဟုတ်သည့်) ဆရာဆရာမများအတွက် ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားကို သင်ယူတတ်မြောက်ခွင့်ရခြင်းသည် မဟာအခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ဤအခွင့်အရေးကို ပင်ပန်းသည်ဟု မယူဆဘဲ အရအမိယူသင့်ပါသည်။ ဆရာကြီးမင်းသုဝဏ်မိန့်ဆိုသကဲ့သို့ အမျိုးသားရေးကုသိုလ်၊ ပြည်ထောင်စုကုသိုလ်ကိုဆည်းပူးယူခြင်းဟု သဘောထားသင့်ကြပါသည်။ သက်ဆိုင်ရာ ဒေသတို့တွင် ကျောင်းချိန်ပြင်ပ၌ တိုင်းရင်းသားစကားနှင့် စာပေများကို သင်ကြားပေးနေချိန်တွင် ဝင်ရောက်လေ့လာရုံနှင့်ပင် အလွယ်တကူ နားယဉ်နှုတ်ယဉ်လာနိုင်ပါသည်။

ခြုံ၍ဆိုလျှင် ပညာရေးမူဝါဒများ စည်းမျဉ်းများရေးဆွဲရာတွင် သင်ကြားရေးမဏ္ဍိုင် ဘာသာစကားကို တိတိကျကျ သတ်မှတ်ထားရန် အလွန်အရေးကြီးပါသည်။ သင်ကြားရေးမဏ္ဍိုင်ရှိမှသာ ပညာရေးစီမံကိန်းများ၏ အကျိုးသက်ရောက်မှုကြီးမားတိုးတက်နိုင်ပါမည်။ တိုင်းရင်းသားဘာသာစကားနှင့် ဒေသိယဘာသာစကားများ မတိမ်ကောရေး၊ ရေရှည်တည်တံ့ရေး၊ ခေတ်မီတိုးတက်ရေးတို့အတွက်လည်း စနစ်တကျ စီမံကိန်းများချမှတ်၍ အခြေခံကျောင်းများတွင် တိုးချဲ့သင်ကြားပေးခြင်း၊ တက္ကသိုလ်များတွင် တိုင်းရင်းသားဘာသာစကားနှင့်ယဉ်ကျေးမှုဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဖွင့်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များတွင် တိုင်းရင်းသားဘာသာစကားနှင့်ယဉ်ကျေးမှု တက္ကသိုလ်သီးခြားဖွင့်ပေးခြင်းအပါအဝင် လက်တွေ့ဖြစ်မြောက်နိုင်သော စီမံချက်များကို ဝိုင်းဝန်းဆွေးနွေးအကောင်အထည်ဖော်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

---

### မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၁၇-၃-၂၀၁၅ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၅ | ကျန်းမာဖို့အတူကစားစို့ (အပိုင်း-၃၄) |
| ၆း၃၅ | "ဘေးရန်ကင်းဖို့ဦးခိုက်ပူဇော် ဥပ္ပါတသန္တိစေတီတော်" |
| ၈း၃၅ | "မြန်မာ့လေကြောင်းမှသည် မြန်မာအမျိုးသားလေကြောင်းဆီသို့" |
| ၁၀း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(အိမ်တွင်းစီးပွား အထူးပြု)(အိမ်တွင်းစီးပွား) |
| ၆း၃၅ | ငြိမ်းချမ်းရေးရင်ခွင်သစ်ဆီသို့ |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ |

---

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ဆက်လက်ကြားနာဆောင်ရွက်



**နေပြည်တော် မတ် ၁၆**

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသား လွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး **(အပေါ်ပုံ)** ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၏ ဆွေးနွေးချက်များကို ကြားနာခဲ့သည်။

အဆိုပါဥပဒေကြမ်းကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ် ကိုးဦးတို့က ကော်မတီကိုယ်စားပြု တက်ရောက်ဆွေးနွေးကြသည်။

ထိုသို့ ကြားနာဆောင်ရွက်ရာတွင် အမျိုးသား လွှတ်တော်ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီက ဆွေးနွေးကြားနာရေး ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆွေးနွေးကြားနာရခြင်း၏ ရည်ရွယ်ချက်များ၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် လုပ်ထုံးလုပ်နည်းများအား အသေးစိတ်ရှင်းလင်းပြီး အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးအတည်ပြုကြရာတွင်လည်း လက်ရှိတည်ဆဲဖြစ်သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်၍ ဆောင်ရွက်ခွင့်မရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် မောင်ချစ်ဝင်းမောင် စတုတ္ထနှစ် (Civil)၊ မောင်ပြည့်ဖြိုးကျော် တတိယနှစ်(ဓာတုဗေဒ)၊ မောင်သန့်စင်ထွန်း စတုတ္ထနှစ် (Civil)၊ မောင်ဇေယျာလွင် တတိယနှစ်(စီးပွားရေး)၊ မောင်ရဲဇာနည်ထွန်း ဒုတိယနှစ်(ကွန်ပျူတာ)၊ မောင်ပိုင်ရဲသူ တတိယနှစ်(သင်္ချာ)၊ မောင်နန်းလင်း ဒုတိယနှစ်(ရူပဗေဒ)၊ မောင်ဝေမိုးနိုင် စတုတ္ထနှစ်(အင်္ဂလိပ်စာ)၊ မောင်မင်းလွင်ဦး BE Mechanical တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍လူတိုင်းအကျုံးဝင် ပညာရေးနှင့် ပတ်သက်သည့်အဖွဲ့ အစည်းများတွင် လွတ်လပ်သောပညာရှင်များ ပါဝင်ဖွဲ့စည်းရေးနှင့် ကျောင်းများ၏ အုပ်ချုပ်ရေးနှင့်သင်ကြားရေးပိုင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည့်အပြင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်များအား တစ်ပိုဒ်ချင်းစီအလိုက် ၎င်းတို့၏အတွေ့အကြုံများ အပေါ် အခြေခံ၍ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးချက်များအပေါ် ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အစွမ်းကုန်ဆောင်ရွက်

မြန်မာ့သတင်းစဉ်
(သတင်းအဖွဲ့)

ရခိုင်ကမ်းရိုးတန်းသွား အောင်တံခွန်(၃)ခရီးသည်ရေယာဉ် တိမ်းမှောက်နစ်မြုပ်ခဲ့မှုနှင့်ပတ်သက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မီးသတ်၊ ကြက်ခြေနီ၊ နာရေးကူညီမှုအသင်း၊ ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းရေကြောင်းနှင့် ကျောက်ဖြူရေတပ်စခန်းမှ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ မေးမြန်းခဲ့မှုအား တင်ပြအပ်ပါသည်။



ရဲမှူးကြီးနေမျိုး




ဦးထွန်းနိုင်ဝင်း



ဦးလှသိန်း




ဒေါက်တာသောင်းလှိုင်




ဒေါ်စန်းစန်းမော်




ပုဏ္ဏားကျွန်းရွာသားတစ်ဦး

**ဒေါက်တာသောင်းလှိုင် (ရခိုင်ပြည်နယ် ကျန်းမာရေးဌာနမှူး)**

body တွေက နှစ်ပိုင်းပေါ့။ တစ်ပိုင်းကတော့ မြေပုံကနေ စစ်တွေကို တိုက်ရိုက်သယ်မယ့် body တွေရှိမယ်။ နောက်တစ်ခါ ကျောက်ဖြူဘက်ကနေပြီး ယူတဲ့ဟာတွေရှိတယ်။ ကျောက်ဖြူ Team မှာကတော့ ခရိုင်ဆေးရုံအုပ်ကိုယ်တိုင်စောင့်ပြီးတော့ အဲဒီမှာရှိနေတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ဆီက ကျန်းမာရေးမှူးတွေအပါအဝင် အကူသူနာပြုနပ်စ်တွေ ပါသွားကြမယ်။ ကျောက်ဖြူမှာ အမာခံကြက်ခြေနီ ၁၀ ဦးနဲ့ အရန်အင်အား ကြက်ခြေနီ Volunteer တွေ အများကြီး ပါသွားကြပါတယ်။ ကျောက်ဖြူမှာတော့ လူနာ ၄၀ လောက် ထားလို့ရမယ့်နေရာကို ပြင်ထားပါတယ်။ စစ်တွေဆေးရုံကတော့ ဆေးရုံကြီးလည်း ဖြစ်တော့ Ward အစုံရှိတာပေါ့။ အဲဒီမှာ Ward အစုံရှိတဲ့အတွက်ကြောင့် အရေးပေါ်ကိစ္စတွေအတွက် နေရာကို ပြင်ထားပါတယ်။ ရောက်တဲ့နေရာမှာတော့ အပြည့်အစုံပြင်ထားပါတယ်။ စစ်တွေဆေးရုံမှာတော့ အားလုံးထားလို့ရပါတယ်။

**ဦးလှသိန်း(ရခိုင်ပြည်နယ်ဥပဒေချုပ်၊ သတင်းထုတ်ပြန်ရေးဥက္ကဋ္ဌ)**

ကယ်ဆယ်ပြီး အသက်ရှင်လျက်ရရှိတဲ့သူတွေကို စုစည်းမေးမြန်းပြီး ရွှေပြည်တန်အမြန်ယာဉ်နဲ့ မြေပုံ၊ ပေါက်တောနဲ့ စစ်တွေကိုပြန်မယ့်ခရီးသည်တွေကို ပြန်ပို့နေပြီဖြစ်ပါတယ်။ သင်္ဘောနစ်မြုပ်တဲ့အခါမှာ အသက်ရှင်ကျန်တဲ့သူတွေအတွက် ရောက်လာတဲ့အခါမှာ ကြိုဆိုဖို့ နေရာချထားပြီးဖြစ်ပါတယ်။ ပေါက်တောဆိုရင်လည်း ကျွန်တော်တို့ ဒီကသစ်တောဝန်ကြီး ဦးကျော်ခင်ကို တာဝန်ပေးပြီးတော့ လိုလေသေးမရှိပြုစုစီမံဆောင်ရွက်ပေးဖို့၊ ဆက်လက်ပြီးတော့ သူတို့သွားမယ့် ရွာတွေပေါ့။ ပေါက်တောဆိုပေမယ့် ပေါက်တောနဲ့ ဆက်စပ်တဲ့ရွာတွေကို ရောက်အောင်ပို့ပေးဖို့အတွက် ကျွန်တော်တို့စီမံထားပါတယ်။ အစားအသောက်အတွက် ခေါက်ဆွဲခြောက်တွေ၊ လုံချည်တွေ ပြည့်ပြည့်စုံစုံ ထောက်ပံ့ပေးထားပါတယ်။

**ရွာသားတစ်ဦး(ပုဏ္ဏားကျွန်း၊ စံပြကျေးရွာ)**

တောင်ကုတ်ကနေပြီးတော့ ကျွန်တော်တို့ ညထွက်လာတယ်။ ၁၀ နာရီလောက်မှာ တောင်ကုတ်ကနေထွက်လာပြီး ရမ်းဗြဲကို အောင်အောင်မြင်မြင်ရှော့ရှော့ရှူရှူနဲ့ရောက်တယ်။ ရမ်းဗြဲကနေပြီးတော့ ဆက်ထွက်တယ်။ ကျောက်ဖြူကို အောင်အောင်မြင်မြင်ရှော့ရှော့ရှူရှူနဲ့ ရောက်တယ်။ ကျောက်ဖြူရောက်တာနဲ့ သင်္ဘောဦးပိုင်းက ရေဝင်နေတာကိုသိတယ်။ နောင်တော်ကြီးအရောက်မှာ လှိုင်းနဲ့လေနဲ့ဖြစ်ပြီးတော့ သင်္ဘောဝန်ထမ်းသုံးယောက်နဲ့ ကျွန်တော်တို့ ယောကျ်ားလေးတွေအားလုံး ရေကိုပက်ထုတ်ကြတယ်။ ပက်လို့မနိုင်တဲ့အဆုံးမှာ သင်္ဘောကလူတွေ၊ သင်္ဘောစာရေးကနေပြီးတော့ ဒီပစ္စည်းတွေကို ပစ်ချလိုက်ဆိုပြီးတော့ အားလုံးပစ်ချတယ်။ ပစ်ချပြီးတာနဲ့ ရေကိုပက်ထုတ်တာ မနိုင်လိုက်တော့ဘူး။ မနိုင်လိုက်တာနဲ့ သင်္ဘောက စောင်းပြီးတော့မြုပ်သွားတယ်။ အမြွှာညီအစ်မနှစ်ယောက်ကို ကျွန်တော်ကယ်နိုင်တယ်။ ကယ်ဆယ်ရေးတွေကတော့ ၉နာရီလောက်မှာ ရောက်လာပါတယ်။ ရောက်လာပြီးတော့ အစားအသောက်တွေ၊ မုန့်ပဲသရေစာ၊ ရေတို့ ဘာတို့ လာပေးပါတယ်။ အဝတ်အစားတစ်စုံစီပေးတယ်။

**ဦးထွန်းနိုင်ဝင်း(စစ်တွေမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး)**

မတ် ၁၃ ရက် ညပိုင်းက ကျောက်ဖြူမှာ ဒီလို သင်္ဘောမြုပ်တဲ့ကိစ္စကို ကြားတော့ အစိုးရအဖွဲ့ကလည်း ညွှန်ကြားတယ်။ အဲဒီအဖွဲ့တွေထဲက အသက်ဘေးက လွတ်မြောက်လာတဲ့လူတွေ ဒီနေ့ရွှေပြည်တန်နဲ့ ပြန်လာမယ်ဆိုတဲ့အတွက်ကြောင့် ဒီက နာရေးကူညီမှုအသင်းတွေရယ်၊ အခြားလူမှုရေးအသင်းအဖွဲ့တွေရယ်၊ မြို့မိမြို့ဖတွေရယ်၊ ပြီးတော့ ကြက်ခြေနီတို့၊ ကျန်းမာရေးဌာနတို့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေက အသက်ဘေးက လွတ်မြောက်လာတဲ့သူတွေကို နွေးထွေးစွာနဲ့ ကြိုဆိုပြီးတော့ သူတို့ရဲ့ကျန်းမာရေးကိစ္စအဝဝရော၊ လူမှုရေးကိစ္စအဝဝရော လိုအပ်တာအားလုံး ဆောင်ရွက်ပေးပါတယ်။ ပထမဦးဆုံးအနေနဲ့ သွားလာရေးအဆင်ပြေဖို့အတွက် လူတစ်ယောက်ကို ငွေကျပ် ၅၀၀၀၀ စီထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ သွားရေးလာရေးကအစ သူတို့နေရပ်ကို ပြန်ရောက်တဲ့အထိ အသေးစိတ်ကို စီစဉ်ပေးနေတယ်။

**ဒေါ်စန်းစန်းမော်**
**ဒုတိယညွှန်ကြားရေးမှူး**
**(မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန)**

ကျွန်မက ရခိုင်ပြည်နယ်မှာ အဓိကတာဝန်ယူရတဲ့ Operation Manager တစ်ယောက်ဖြစ်ပါတယ်။ ကျွန်မတို့က ဒီသင်္ဘောဖြစ်တဲ့သတင်းကို ဖြစ်ဖြစ်ချင်း သတင်းရပါတယ်။ အဲဒီသတင်းကို ရရချင်းမှာပဲ ကျောက်ဖြူမြို့နယ်မှာရှိတဲ့ ကြက်ခြေနီက ဒုတိယတပ်ရင်းမှူး ဦးစိုးနိုင် ခေါင်းဆောင်တဲ့ ကြက်ခြေနီအဖွဲ့တွေက ကျောက်ဖြူဒေသ တာဝန်ရှိသူတွေနဲ့အတူ ချက်ချင်းပဲဖြစ်တဲ့နေရာကို သွားရောက်ကူညီခဲ့ပါတယ်။ ဒီနေ့မနက်မှာတော့ မြေပုံမြို့နယ်က ဒုတိယတပ်ရင်းမှူး ဦးကျော်သန်းတင် ခေါင်းဆောင်တဲ့ ကြက်ခြေနီ ၁၀ ယောက်က အင်အားဖြည့်တင်းပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့တယ်။ အဲဒီအပြင်မှာပဲ မြေပုံမြို့နယ်မှာရှိတဲ့ ကြက်ခြေနီ ၁၅ ယောက်က အဆင်သင့်ကူညီဖို့အတွက်လည်း စောင့်နေခဲ့ပါတယ်။ အဲဒီအပြင် စစ်တွေမြို့ကိုရောက်နေတဲ့ ကယားပြည်နယ်က ကြက်ခြေနီတွေ၊ နောက်တစ်ခါ ရခိုင်ပြည်နယ်မြို့အသီးသီးကရောက်နေတဲ့ ကြက်ခြေနီ စေတနာ့လုပ်အားရှင်တွေကလည်း ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ဖို့ကို အားလုံးအဆင်သင့်ပြင်ဆင်ထားခဲ့ပါတယ်။ တစ်ပိုင်းက ကျွန်မတို့ လူတွေရောက်လာတဲ့အခါမှာ ဒီလူတွေကို ကူပြီးတော့ နေရပ်ကိုပြန်ပို့ဖို့၊ တစ်ပိုင်းကတော့ ဒဏ်ရာရတဲ့သူတွေပါလာရင် ကျွန်မတို့ ပြုစုစောင့်ရှောက်ပေးဖို့နဲ့ နောက်တစ်ခုက မိသားစုနဲ့ကွဲကွာနေတဲ့သူတွေရှိရင် ပြန်လည်ပေါင်းစည်းပေးဖို့ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်မတို့လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခုက မပြန်ဘဲ ဒီမှာကျန်ရှိနေဦးမယ့်လူတွေ ရှိနေသေးရင်လည်း လိုအပ်တဲ့အကူအညီတွေပေးဖို့ ကျွန်မတို့ စီစဉ်ထားခဲ့ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့ ဒီလိုမျိုးအန္တရာယ်တွေ ကြုံတွေ့လာတဲ့အခါမှာ ပြည်သူလူထုကို အချိန်မီနဲ့ ထိထိရောက်ရောက်ကူညီနိုင်ဖို့ အမြဲတမ်းအဆင်သင့်ရှိပါတယ်လို့ ပြောချင်ပါတယ်။

**ရဲမှူးကြီးနေမျိုး(ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး)**

သင်္ဘောထဲမှာ လူအများအပြားကျန်နိုင်ခြေတော့မရှိဘူး။ ဘာလို့လဲဆိုတော့ သင်္ဘောအနေအထားအရ အားလုံးဟာ ရေဝင်တဲ့အခါမှာ ရေရဲ့တွန်းထုတ်အားနဲ့ အပြင်ကိုပဲရောက်သွားဖို့ရှိတယ်။ ကျန်နိုင်တာက အိပ်ခန်းထဲမှာနေတဲ့သူလောက်ပဲ ဒီအိပ်ခန်း ၁၀ ခန်းထဲမှာ ကျန်နိုင်တယ်။ အလွန်ဆုံး ၂၀ ပေါ့။ ၂၀ လုံးလည်း မနေနိုင်လောက်ဘူး။ အကုန်လုံးက ကြောက်အားလန့်အားနဲ့ အပြင်ကိုပဲထွက်ရမယ်။ နောက်ဆုံးအခြေအနေမှာ ရေထဲကိုပဲဆင်းရမယ်။ မဆင်းရဲတဲ့လူအနည်းအပါးပဲကျန်ခဲ့မယ့်အနေအထားရှိတယ်။ ကျန်နိုင်ရင်တောင်မှ အပြည့်ကျန်ရင် လူ ၂၀ ပေါ့၊ အခု ၂၁၆ ပြောတယ်။ သင်္ဘောမြုပ်တဲ့အခါမှာ လူတွေအကုန်လုံးက အပြင်ကိုပဲ ထွက်သွားနိုင်မယ့် အနေအထားရှိတယ်။ သင်္ဘောရဲ့အနေအထားအရ သင်္ဘောခန်းထဲမှာပဲ ပိတ်လှောင်ပြီးကျန်ခဲ့တာဖြစ်နိုင်တယ်။ သင်္ဘောကြီးကလည်း အကြီးကြီးမဟုတ်ဘူးလေ။ အဲဒီတော့ သင်္ဘောကြီးကိုဆယ်လို့ရရင် လူဦးရေဆယ်ဂဏန်းပတ်ဝန်းကျင်ပေါ့၊ ၁၀ နဲ့ ၂၀ ကြားမှာပဲရှိမယ်။ အစိုးရက တရားဝင်ထုတ်ပြန်ထားတဲ့ ၂၆ ဦးနဲ့ ကွာခြားချက်ကလည်း အများကြီးဖြစ်နိုင်စရာအကြောင်းမရှိဘူး။ အခု လူတွေပြောသလို ၄၀၀ တို့၊ ၃၀၀ တို့ ဘာတို့ဆိုတာတော့ ပကတိလက်ရှိလုပ်နေတဲ့ ပကတိမြေပြင်အနေအထားတွေ၊ တွေ့ရှိမှုအနေအထားအရတော့ ၄၀၀ ကျော်တော့ မဖြစ်နိုင်ဘူးလို့ ယူဆပါတယ်။ အခုလက်ရှိအနေအထားကတော့ အားလုံးပေါင်း ၄၇ ဦးမှာ ကျား ၁၇ ဦး၊ မ ၃၀ မှာ တကယ်တမ်းဆယ်လို့ရတဲ့အခါကျတော့ နောက်ဆုံးအခြေအနေက ကျား လေးဦး၊ မ ၃၂ ဦး၊ ၃၆ ဦးရပြီ။ ၃၆ ဦးနာမည်စာရင်းတွေ ဖော်ထုတ်လိုက်တဲ့အခါမှာ လောလောဆယ် အားလုံးပေါင်း ၁၉ ဦး နာမည် ဖော်ထုတ်လို့ရပြီ။ အဲဒီတော့ သက်ဆိုင်ရာတွေက လာယူကြမှာပေါ့နော်။ ထပ်ပြီးတော့မှ ကျန်တဲ့သူတွေကိုဖိတ်ခေါ်ပြီးတော့မှ အလောင်းတွေကို လာစစ်ဆေးပြီးတော့ ယူဖို့ဆိုပြီး ပြောထားတာရှိတယ်။ မနက်ဖြန် တစ်ရက်စောင့်ကြည့်တဲ့အခါကျရင်လည်း ထပ်ပြီးတော့ပေါ်လာမယ်ဆိုရင်တော့ ဒီ ၃၆ ဦးထဲက သိတဲ့သူတွေ ထပ်များလာမှာပေါ့။ အခုတော့ ၁၉ ဦးဆိုတော့ ၁၇ ဦးကတော့ နာမည်စာရင်းဖော်ထုတ်လို့မရသေးဘူး။ အလောင်း ၃၆ လောင်းထဲမှာ ဒါကိုဖော်ထုတ်ဖို့တော့ လုပ်နေပါတယ်။

---

## ○ ငပလီမှ

ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ တိုးတက်များပြားစွာလာရောက်လည်ပတ်လျက်ရှိသည့် ကမ်းခြေဖြစ်သည်။

ငပလီကမ်းခြေသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသည်အများစုမှာ ဥရောပနိုင်ငံများမှဖြစ်ပြီး နိုင်ငံအလိုက် အများဆုံးလာရောက်မှုမှာ ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ ငပလီကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအနေဖြင့် ငပလီကမ်းခြေနှင့် အနီးဝန်းကျင်ဖြစ်သော ပုလဲကျွန်း၊ သဲဖြူကျွန်းများသို့ လှေများဖြင့်သွားရောက်ပြီး ရေအောက်ရှိ သန္တာကျောက်တန်းများ၊ အရောင်အသွေးစုံလင်လှသည့် ပင်လယ်ငါးများ၊ ခရုများကို ရေငုပ်၍ ကြည့်ရှုခြင်း၊ လှိုင်းစီးခြင်း၊ အနီးရှိရွာများသို့ လည်ပတ်သွားလာခြင်း၊ မဒေးတောင်ပေါ်ရှိ ရုပ်တော်မှုဘုရားကြီးအား ဖူးမြော်လှေ့လာခြင်း၊ လုံးသာ(တံငါရွာရှိ)ဆိပ်ကမ်းတွင် ငါးဖမ်းလှေများကိုလေ့လာခြင်း၊ သံတွဲမြို့မဈေးကြီးသို့ လည်ပတ်ကြည့်ရှုခြင်း၊ သံတွဲမြို့ပေါ်ရှိ ဘုရားများအား သွားရောက်ဖူးမြော်လေ့လာခြင်းနှင့် သံတွဲမြို့မှ ၁၀ မိုင်ခန့်ဝေးသော ဇလွန်ကျေးရွာရှိ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က ပျံလွန်တော်မူခဲ့ပြီး မပုပ်မသိုးမပျက်စီးဘဲကျန်ရှိနေသည့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်နိုင်သည်။

ထိုကဲ့သို့ တိုးတက်လာသော ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေစွာသွားလာနေထိုင်ရန် လေကြောင်းလိုင်းများ နှစ်စဉ်တိုးချဲ့ပျံသန်းခြင်း၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများ တိုးတက်တည်ဆောက်ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ သာယာလှပသည့် ကမ်းခြေအလှများ ရေရှည်တည်တံ့စေရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်မှာ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ပျက်စီးခြင်းမရှိမှသာ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ငပလီကမ်းခြေသည်လည်း ခရီးသွားဧည့်သည် တိုးတက်များပြားလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ကြီးကြပ်လမ်းညွှန်မှုများဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ငပလီကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များဖြင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကမ်းခြေသဲများ အလွန်အကျွံထုတ်ယူခြင်း၊ ကျောက်ဆောင်ကျောက်တန်းများ ဖြိုချမှုများ၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများသည် ကမ်းခြေ၏သဘာဝအလှများကို ထိခိုက်ပျက်စီးစေလျက်ရှိရာ ဒေသခံများကို ပညာပေးစည်းရုံးခြင်း၊ လုပ်ငန်းရှင်များအား ကြီးကြပ်ခြင်းများကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။

ငပလီကမ်းခြေခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည့်အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ငပလီကမ်းခြေကို မြို့အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ သံတွဲလေဆိပ် အဆောက်အအုံကို အကြီးစားပြင်ဆင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်း၊ ငပလီကမ်းခြေ၏ အဓိကလမ်းမကြီးဖြစ်သော မဇင်-ငပလီ-လုံးသာလမ်း ရှစ်မိုင်အား ကတ္တရာကွန်ကရစ်ခင်းခြင်း၊ ငပလီကမ်းခြေရှောင်ကွင်းလမ်း ၅ မိုင် ၅ ဖာလုံ အသစ်ဖောက်လုပ်ခြင်း၊ ယခင်က ငပလီကမ်းခြေ လင်းသာကျေးရွာတွင် ငှက်ပျောချောင်းဆည်တစ်ခုတည်းသာရှိခဲ့ပြီး ဇီးဖြူကုန်းရပ်ကွက်တွင် ဇီးဖြူကုန်းဆည်တည်ဆောက်ပေးခြင်းဖြင့် ရပ်ကွက်နှင့် ဟိုတယ်များ ရေချိုလုံလောက်မှုရှိလာခြင်း၊ ဇီးဖြူကုန်းဆည်မှရေကို ပေးဝေရန် ရပ်ကွက်များနှင့် ဟိုတယ်များသို့ ပိုက်လိုင်းသွယ်တန်းခြင်း၊ သံတွဲမြို့နှင့် ငပလီမြို့များ လျှပ်စစ်မီးရရှိရေးအတွက် 66 KV ဓာတ်အားခွဲရုံကို သံတွဲမြို့ နန်းချောင်းကျေးရွာတွင် တည်ဆောက်ခြင်း၊ ငပလီ-လင်းသာ လမ်းတစ်လျှောက် လမ်းမီးတိုင်များ တည်ဆောက်ခြင်း၊ ဂျိတ္တော့ကျေးရွာတွင် GSM / UMTS စခန်း (တာဝါ) တည်ဆောက်ခြင်းနှင့် အင်တာနက်လိုင်းများ ကောင်းမွန်စေရန် ငပလီ(ရွှေဝါချိုင်)အော်တိုအိတ်ချိန်းတွင် ADSL စနစ် တပ်ဆင်ခြင်းများကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

◆◆

ပြည်တွင်းရေးရာ

# အောင်တံခွန်(၃) သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ငွေများပေးအပ်

**စစ်တွေ မတ် ၁၆**

ရခိုင်ပြည်နယ် တောင်ကုတ်-စစ်တွေ ပြေးဆွဲသည့် အောင်တံခွန်(၃) သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများ အတွက် အလှူငွေပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို မတ် ၁၆ ရက် ညနေ ၃ နာရီခွဲက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်တံခွန်(၃) သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ ကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းငွေကျပ် ၁၃၀ ဒသမ ၅ သိန်း၊ ကျောက်ဖြူမြို့နယ်က စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေကျပ်သိန်း ၄၅၀၊ ကျောက်ဖြူအများပိုင်ကုမ္ပဏီက ကျပ်သိန်း ၁၀၀၊ ကမ္ဘောဇ စစ်တွေဘဏ်ခွဲက ငွေကျပ်သိန်း ၁၀၀၊ ကိုရီးယားကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ အင်းပေါက်ဝကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ ငွေကျားကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ အေးငြိမ်းကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ MCM ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ ဆုထူးစံကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ ပတ္တမြားဒေဝီကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ ဇေယျာအောင်ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ မြင့်မြတ်ဦးကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ Rainbow Foundation က ငွေကျပ်သုံးသိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းရွှေက ငွေကျပ်တစ်သိန်း၊ ဦးမောင်နု ကျေးပင်ကြီးရပ်ကွက်က ငွေကျပ် သုည ဒသမ ၃ သိန်း၊ အနောက်စံပြရပ်ကွက်က သုည ဒသမ ၂၀၆ သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်တံခွန်(၃) သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအနက် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ အသက်ရှင် လွတ်မြောက်လာသူများအား တစ်ဦးချင်းထောက်ပံ့ငွေများ ပေးအပ်ပြီးနောက် အသက်ရှင်လွတ်မြောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသက်ရှင်လွတ်မြောက်လာသူဒေသခံပြည်သူများအား သီးခြားတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

အဆိုပါအောင်တံခွန်(၃) သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် စေတနာရှင်အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေမှာ ၁၃၈၅ ဒသမ ၀၀၆ သိန်းဖြစ်ပြီး အသက်ရှင်လွတ်မြောက်လာသူများအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းခွဲစီနှင့် အသက်သေဆုံးသူများအား တစ်ဦးလျှင် ငွေကျပ် ၁၁ သိန်းစီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ အသက်ရှင်လွတ်မြောက်လာသူများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း အောင်တံခွန်(၃)သင်္ဘော တိမ်းမှောက်မှုတွင် အသက်ရှင်လွတ်မြောက်လာသူများအား အားပေးစကားပြောကြားစဉ်။** ပြည်နယ်(ပြန်/ဆက်)




# တောင်ကုတ်-စစ်တွေ အောင်တံခွန်(၃) ခရီးသည်တင် ရေယာဉ်သင်္ဘော ရေအောက်တွင်ရှာဖွေတွေ့ရှိ၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**စစ်တွေ မတ် ၁၆**

ရခိုင်ပြည်နယ် တောင်ကုတ်ဆိပ်ကမ်းမှ မတ် ၁၂ ရက် ည ၉ နာရီခန့်တွင် ထွက်ခွာခဲ့သော တောင်ကုတ်-စစ်တွေ ပြေးဆွဲသည့် အောင်တံခွန်(၃) ခရီးသည်တင်ရေယာဉ်သည် မတ် ၁၃ ရက် ည ၈ နာရီခွဲခန့်တွင် မြေပုံမြို့နယ် ပေသုန်ကျွန်းနှင့် မြောက်ကျွိန်ကျွန်းအနီးအရောက်တွင် တိမ်းစောင်းနစ်မြုပ်ခဲ့ရာ အဆိုပါရေယာဉ်အား ယမန်နေ့က ရေအောက်ကြမ်းပြင် ပေ ၉၀ ခန့်ရှိ နစ်မြုပ်ခဲ့သောနေရာနှင့် မလှမ်းမကမ်းတွင် ရေငုပ်သမားများက ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ပြန်လည်ဆယ်ယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ဘောနစ်မြုပ်ချိန်မှစ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဖြူခရိုင်၊ မြို့နယ်၊ အုပ်ချုပ်ရေးမှူးများ၊ ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ကျောက်ဖြူရေတပ်စခန်းမှ တာဝန်ရှိသူများ၊ မီးသတ်၊ ကြက်ခြေနီ၊ နာရေးကူညီမှုအသင်း၊ ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းရေကြောင်းမှ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၆ ရက် ညနေ ၄ နာရီအထိ ဒေသခံရေငုပ်ကျွမ်းကျင်သူ ၁၀ ဦးတို့က နစ်မြုပ်နေသော သင်္ဘောဝမ်းဗိုက်အတွင်း ရေငုပ်ဝင်ရောက်ရှာဖွေရာ ကျား ကိုးဦး၊ မ ၁၄ ဦး ပေါင်း ၂၃ ဦးတို့၏ ရုပ်အလောင်းများထပ်မံဆယ်ယူရရှိခဲ့ရာ ယခုအချိန်အထိ အလောင်းဆယ်ယူရရှိမှုမှာ ကျား ၁၃ ဦး၊ မ ၄၆ ဦး စုစုပေါင်း ၅၉ ဦးဖြစ်ပြီး လတ်တလော စိစစ်မှုအရ သင်္ဘောပေါ်တွင် ကျား ၁၁၇ ဦး၊ မ ၁၀၈ ဦး စုစုပေါင်း ၂၂၅ ဦးခန့် လိုက်ပါခဲ့ကြောင်း သိရသည်။

အောင်တံခွန်(၃) သင်္ဘောနစ်မြုပ်မှုတွင် ယနေ့အချိန်အထိ သံဃာ နှစ်ပါးအပါအဝင် ကျား ၁၀၄ ဦး၊ မ ၆၅ ဦး စုစုပေါင်း ၁၆၉ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်္ဘောနစ်မြုပ်မှု ဖြစ်စဉ်နှင့်ပတ်သက်၍လည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အာဆီယံတိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာအားကစားသမားများပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံမှ တိုက်ကွမ်ဒို လက်ရွေးစင် အားကစားသမားများသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပမည့် 12nd ASEAN TAEKWONDO Championships (2015)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မတ် ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတိုက်ကွမ်ဒိုအားကစားအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံတိုက်ကွမ်ဒို အားကစားအဖွဲ့ချုပ်မှတွဲဖက်အတွင်းရေးမှူး ဦးဖြိုးဇော်အောင်က "ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာလုပ်မယ့်(၁၂)ကြိမ်မြောက် အရှေ့တောင်အာရှတိုက်ကွမ်ဒိုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ (၁၁) ကြိမ်တုန်းကတော့ မြန်မာနိုင်ငံမှာ လုပ်ခဲ့ပါတယ်။ အဲဒီတုန်းကလည်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်တွေရခဲ့ပါတယ်။စင်ကာပူနိုင်ငံမှာကျင်းပမယ့် (၂၈) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာလည်း ရွှေ အနည်းဆုံး နှစ်ခုလောက်ရမယ်လို့ ခန့်မှန်းထားပါတယ်။ ကျန်တဲ့ ဆုတွေလည်းမှန်းထားပါတယ်" ဟုပြောသည်။

ဗီယက်နမ်နိုင်ငံတွင် မတ် ၂၃ ရက်မှ ၂၆ ရက်ထိ ကျင်းပမည့်(၁၂)ကြိမ်မြောက် အရှေ့တောင်အာရှတိုက်ကွမ်ဒိုပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမား ၁၀ ဦးနှင့် နည်းပြအုပ်ချုပ်သူ တစ်ဦး၊ နည်းပြ သုံးဦး၊ နိုင်ငံခြားနည်းပြ တစ်ဦး စုစုပေါင်း ၁၅ ဦး လိုက်ပါသွားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ တိုက်ကွမ်ဒို အားကစားအဖွဲ့ချုပ်မှ တိုက်ကွမ်ဒို အားကစားသမားများသည် ၂၀၁၃ခုနှစ် မြန်မာနိုင်ငံ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပြုလုပ်ခဲ့သည့် 11th ASEAN TAEKWONDO Championships 2013(Myanmar) ပြိုင်ပွဲတွင် စီနီယာတန်း၌ ငွေ ငါးခု၊ကြေး လေးခုနှင့် ဂျူနီယာတန်း၌ ရွှေ သုံးခု၊ငွေ ငါးခု၊ကြေး လေးခု ရရှိခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**

# ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် သံဖရိန်ဖြင့် ဆောင်ရွက်မည်

**ရန်ကုန် မတ် ၁၆**

၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ရေပက်ဆော့ကစားကြမည့်အများပြည်သူများ ပျော်ရွှင်စွာရေပက်ကစားခြင်းဆင်နွှဲနိုင်ကြစေရေးနှင့် မဏ္ဍပ်ပိုမိုတောင့်တင်းကြံ့ခိုင်စေရေးတို့အတွက် ယခင်အသုံးပြုနေကျသစ်သားရေပက်မဏ္ဍပ်အစား ယခုနှစ်ရေပက်မဏ္ဍပ်အတွက် သံဖရိန်ဖြင့် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အား ဗဟိုမဏ္ဍပ်နှင့်၊ ရေပက်မဏ္ဍပ်တို့ဖြင့်သတ်မှတ်ထားရှိပြီး ဗဟိုမဏ္ဍပ်အတွက် အလျား ၉၄ ပေ၊ အနံ ၅၅ ပေနှင့်ရေပက်မဏ္ဍပ်အတွက် အလျား ပေ ၁၂၀၊အနံ ၂၄ ပေတို့ဖြင့် စီစဉ်ဆောင်ရွက်ထားသောကြောင့် လူဦးရေနှစ်ရာ တစ်ပြိုင်တည်း ရေပက်ကစားနိုင်ကြမည်ဖြစ်သည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အား စတီးဖရိန်များဖြင့် နှစ်စဉ်အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိသောကြောင့် ကုန်ကျစရိတ်သက်သာကြောင်း၊ လုပ်အားခ၊ လုပ်သားစရိတ်သာ ကော်မတီမှကုန်ကျကြောင်း၊ လက်ရှိသံပေါင်များတပ်ဆင်နေသည့် ကရိန်းအကြီးမှာလည်း ဌာနပိုင်ဖြစ်ကြောင်း၊ မဏ္ဍပ်တည်ဆောက်မှုအတွက် အနည်းဆုံးကုန်ကျစရိတ်ငွေကျပ် သိန်း ၁၅၀ ရှိကြောင်း၊ စပွန်ဆာများအပေါ် မူတည်ပြီး ဆောင်ရွက်လျက်ရှိကြောင်းနှင့် တေးဂီတ တီးဝိုင်းများမှာလည်း နှစ်စဉ်နှစ်တိုင်း ၎င်းတို့၏ စပွန်ဆာများဖြင့် လာရောက်ဖျော်ဖြေပေးလျက်ရှိနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အတွက် ဒီနှစ်ကိုသံဖရိန်နဲ့ အပြီးတည်ဆောက်ထားလိုက်တော့ နောက်နှစ်တွေကျရင် ကောက်ဆင်လိုက်ရုံပါပဲ။ သစ်သားနဲ့ကျတော့ရေစိုတာနဲ့၊ လူတွေတက်ခုန်ကျတာနဲ့ပျက်စီးပါတယ်။ သစ်ကလည်းဈေးနှုန်းမြင့်တယ်လေ။ တစ်ခါသုံးပြီးနောက်နှစ်တွေအတွက်သိမ်းဆည်းထားရင်လည်းရေရှည်မခံပါဘူး။ ပြန်ဆောက်တဲ့အခါကျတော့လည်း သူ့နေရာနဲ့သူမသုံးနိုင်လို့ပါ။ ဒါကြောင့် ဒီနှစ်ကတော့သံဖရိန်နဲ့ဆောက်ဖို့ စီစဉ်လိုက်တာပါ။ ရေပက်ကစားကြတာလည်း ဝန်ထမ်းသားသမီးတွေပဲ ပက်ကြမှာပါ။ နောက်အခြားဌာနဆိုင်ရာများမှလည်းလာကြပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆက်လက်၍ "မဏ္ဍပ်အကြီး၊ အလတ်တွေကို ဘယ်နေရာမှာခွင့်ပြုတယ်ဆိုတာကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုတာပါ။ လက်ရှိမဏ္ဍပ်များ နေရာချဖို့အစည်းအဝေးတွေခေါ်တဲ့အဆင့်ပဲရှိသေးတယ်။ ဒီအပတ်အတွင်းတော့ နေရာချတာလုပ်နိုင်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုပြီဆိုတာနဲ့ ကျွန်တော်တို့ကမဏ္ဍပ်များခိုင်ခံ့မှုကိုစစ်ဆေးရပါတယ်။ တိုင်းဒေသကြီးဝန်ကြီးတစ်ဦးလိုက်ပါပြီးစစ်ဆေးတာပါ။ ဒါနှစ်စဉ်ပါပဲ။ သတ်မှတ်ခွင့်ပြုချက်နဲ့ညီလား မညီလား၊ ကိုက်လား မကိုက်လားဆိုတာကိုပေါ့။ မဏ္ဍပ်ကသတ်မှတ်ချက်နဲ့မညီရင် ပြန်ပြုပြင်ပေးရမှာပါ။ ပြန်ပြုပြင်ခိုင်းလို့ အဲဒီမဏ္ဍပ်ကပြန်မပြုပြင်ဘူးဆိုရင်၊ တကယ်လို့မဏ္ဍပ်တစ်ခုခုဖြစ်ရင် အဲဒီလူတွေရဲ့တာဝန်ပါပဲ။ ကျွန်တော်တို့တာဝန် မဟုတ်တော့ဘူးလေ။ သတ်မှတ်ချက်တွေကိုမလိုက်နာတဲ့သူတွေဆိုရင် နောက်နှစ်တွေမှာမဏ္ဍပ်နေရာချမပေးတော့ဘူးပေါ့"ဟုဆိုသည်။

လောလောဆယ် ဆောင်ရွက်နေသောရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်မှာ မတ် ၁၄ ရက်ကစတင်တည်ဆောက်နေခြင်းဖြစ်ပြီး လာမည့်ဧပြီ ပထမအပတ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကာ ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် ကြိုတင်အစမ်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှသိရသည်။

**(စိုးဝင်း-MLA)**

(နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၆၈) နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး)

# နိုင်ငံတကာ မျက်နှာစာမှာ ဂုဏ်သိက္ခာမြင့်မားလာသော မြန်မာ

တက္ကသိုလ်ဟန်စိုးဦး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကို ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်မှာ စတင်တည်ထောင် ဖွဲ့စည်းခဲ့တာဖြစ်တဲ့အတွက် ဒီကနေ့ဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ (၆၈)နှစ် ပြည့်မြောက်တဲ့ အခါသမယ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါးအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သမိုင်းကြောင်းနဲ့ ဆောင်ရွက်ချက်များကို အများပြည်သူများ သိရှိစေရေးအတွက် ရေးသား ဖော်ပြအပ်ပါတယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံခြားရေးမူဝါဒ ချမှတ်ခြင်းနဲ့ နိုင်ငံတကာအသိုက်အဝန်းနဲ့ထိတွေ့ ဆက်ဆံရာမှာ နိုင်ငံခြားရေးဝန်ကြီးဌာနဟာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားရေးမူဝါဒ၊ ကာကွယ်ရေးမူဝါဒနဲ့ နိုင်ငံခြားရေး မူဝါဒတို့ဟာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်များ ထမြောက်အောင်မြင်မှုရရှိရေး၊ နိုင်ငံနဲ့ပြည်သူများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးအတွက် ရွေးရှုချမှတ်ထားတဲ့ မူဝါဒတွေဖြစ်ပြီး အပြန်အလှန် ဆက်စပ်မှုရှိသလို အပြန်အလှန်လည်း အထောက်အကူ ပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်နေတဲ့ ၁၈၈၅ ခုနှစ်ကနေစပြီး နိုင်ငံရဲ့ နိုင်ငံခြားရေးရာကိစ္စများကို ဗြိတိသျှအစိုးရက ကိုင်တွယ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၃၅ ခုနှစ် မြန်မာပြည် အက်ဥပဒေ (The Government of Burma Act, 1935) ပုဒ်မ (၇) အရ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးကိစ္စရပ်များနဲ့တကွ ကာကွယ်ရေး၊ သာသနာရေးကိစ္စရပ်တွေကို မြန်မာနိုင်ငံရဲ့ ဘုရင်ခံက တစ်ချက်လွှတ်အာဏာနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှအစိုးရ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်လာတဲ့အချိန်မှာ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာန (Defence and External Affairs Department) ကို တည်ထောင်ခဲ့ပြီး ဘုရင်ခံရဲ့ အတိုင်ပင်ခံ အရာရှိတစ်ဦးက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

မြန်မာပြည်သူများရဲ့ တောင်းဆိုချက်အရ ၁၉၄၆ ခုနှစ် အောက်တိုဘာလမှာ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနကို ဘုရင်ခံရဲ့အမှုဆောင်ကောင်စီအောက်မှာ ထားရှိခဲ့ပြီး ထိုစဉ်က ဘုရင်ခံ၏ အမှုဆောင်ကောင်စီ သဘာပတိဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ ဗြိတိသျှအစိုးရတို့ ဆွေးနွေးသဘောတူညီချက်အရ နိုင်ငံခြားရေးရာကိစ္စများကို မြန်မာနိုင်ငံရဲ့ သဘောဆန္ဒအလျောက် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်မှာ နိုင်ငံခြားရေးဌာန (Foreign Affairs Department) ကို သီးခြားတည်ထောင်နိုင်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာနိုင်ငံဟာ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပြီးနောက် အဲဒီနှစ် မေလ ၄ ရက်နေ့မှာ နိုင်ငံခြားရေးဌာနကို နိုင်ငံခြားရေးရုံး (Foreign Office) လို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ တစ်ခါ ၁၉၆၇ ခုနှစ် မေလ ၂၅ ရက်နေ့မှာ နိုင်ငံခြားရေးရုံးအမည်ကနေ လက်ရှိအမည် နိုင်ငံခြားရေး ဝန်ကြီးဌာန (Ministry of Foreign Affairs) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။

လက်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနကို ဝန်ကြီးရုံးနဲ့ ဦးစီးဌာနကြီး (၈) ခုနဲ့ ဖွဲ့စည်းထားပါတယ်။ ဌာနကြီး (၈) ခုကတော့ နိုင်ငံရေးရာဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၊ မဟာဗျူဟာနှင့် မူဝါဒရေးရာ လေ့လာရေးဦးစီးဌာနတို့ ဖြစ်ပါတယ်။

### မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့တဲ့ အချိန်ကစပြီး တိကျသောကြားနေရေး နိုင်ငံခြားရေးမူဝါဒ (Positive Neutrality Foreign Policy) ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်မှာတော့ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒ (Independent Foreign Policy) ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာတော့ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒ (Independent and Active Foreign Policy) လို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ကြေညာချက် (၃/၈၈) ကို ထုတ်ပြန်ကြေညာပြီး လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ "နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ (Independent, Active and Non-aligned Foreign Policy) ကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်" လို့ အတိအလင်း ဖော်ပြထားပါတယ်။

### ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ဟာ ယနေ့အချိန်အထိ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ ပင်မအုတ်မြစ်တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိပါတယ်။ ၁၉၅၄ ခုနှစ်မှာ တရုတ် ဝန်ကြီးချုပ် ချူအင်လိုင်းရဲ့ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံ ခရီးစဉ်အတွင်း မြန်မာ၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ချမှတ်ခဲ့ကြပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကတော့ -

(က) တစ်နိုင်ငံရဲ့ နယ်မြေတည်တံ့မှုနဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊
(ခ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်၊
(ဂ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရန်၊
(ဃ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နဲ့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်၊
(င) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်တို့ ဖြစ်ပါတယ်။

၁၉၅၄ ခုနှစ်မှာ စတင်ချမှတ်ခဲ့တဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ဟာ ၂၀၁၄ ခုနှစ်မှာ နှစ်ပေါင်း (၆၀) ပြည့်မြောက်ခဲ့တဲ့အတွက် နှစ် (၆၀) ပြည့်အထိမ်းအမှတ်အခမ်းအနားတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ခမ်းခမ်းနားနား ကျင်းပပြုလုပ်ခဲ့ရာမှာ မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်နဲ့ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာ ဟာမစ်အန်ဆာရီတို့ကိုယ်တိုင် ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအခမ်းအနားကနေ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာမှာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ဖို့အတွက် အပြည်ပြည်ဆိုင်ရာ တန်းတူညီမျှမှုနဲ့ တရားမျှတမှုကို အလေးပေးရာမှာ ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေး မူကြီးများဟာ အထူးအရေးပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအကြားဆက်ဆံရေးမှာ တရားမျှတမှု၊ ယုံကြည်မှု၊ အတူလက်တွဲပါဝင်မှု၊ အပြန်အလှန်လေ့လာသင်ယူမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ကမ္ဘာ့လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းရေးအတွက် မြန်မာ-တရုတ်-အိန္ဒိယ ၃-နိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့ အခြားနိုင်ငံများနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ အပြန်အလှန်လေးစားမှုနဲ့ တန်းတူညီမျှမှုတွေအပေါ် အခြေခံတဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးများကို လက်ကိုင်စွဲပြီး မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနဲ့ သံတမန်ဆက်ဆံမှုများ တည်ထောင်ပြီး ထိတွေ့ဆက်ဆံလျက်ရှိပါတယ်။ နိုင်ငံတကာအသိုက်အဝန်းမှာ တာဝန်ရှိတဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်နိုင်ဖို့ ကြိုးပမ်းမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

### မြန်မာနိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ထူထောင်ထားသော နိုင်ငံများ

၁၉၄၇ ခုနှစ်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံဟာ နိုင်ငံပေါင်း (၁၁၃) နိုင်ငံနဲ့ သံတမန်အဆက်အသွယ် ထူထောင်ထားရှိပြီးဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံမှ သံရုံးများ သွားရောက်ဖွင့်လှစ်ထားပြီး သံအမတ်ကြီးများ ခန့်အပ်ထားတဲ့ နိုင်ငံပေါင်းက (၃၅)နိုင်ငံ ရှိပါတယ်။ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂအထူးအေဂျင်စီများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ကိစ္စရပ်တွေကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့နဲ့ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွေမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးများ ဖွင့်လှစ်ထားပြီး မြန်မာအမြဲတမ်း ကိုယ်စားလှယ်တွေ ခန့်အပ်ထားရှိပါတယ်။ ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေးမြှင့်တင်ရေး ရည်မှန်းချက်နဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ နန်နင်းမြို့၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၊ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၊ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွေမှာ ဖွင့်လှစ်ထားရှိပါတယ်။ ပြည်ပနိုင်ငံများမှာ ဖွင့်လှစ်ထားတဲ့ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေဟာ ပြည်ပနိုင်ငံများမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေရဲ့ အရေးကိစ္စတွေကိုလည်း ချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေများနဲ့အညီ ကူညီဆောင်ရွက်ပေးလျက်ရှိနေကြပါတယ်။ ဒီလိုဆောင်ရွက်ပေးမှုတွေဟာ ယခင်ကတည်းကရှိခဲ့သော်လည်း ယခုလို သတင်းအချက်အလက်နည်းပညာ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာချိန်ကျမှ ပြည်သူလူထုတွေ ပိုမိုသိရှိလာခဲ့ကြပါတယ်။

### မြန်မာအစိုးရသစ်လက်ထက် အောင်မြင်ဖြစ်ထွန်းလာသည့် နိုင်ငံတကာဆက်ဆံရေး

၂၀၁၁ ခုနှစ် မတ်လမှာ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်တဲ့ အစိုးရသစ်တစ်ရပ်ပေါ်ထွက်လာပြီးနောက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကိုလည်း တက်ကြွစွာ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုမှု၊ ကြိုဆိုမှုနဲ့ ထောက်ခံမှုတွေ ရရှိခဲ့ပါတယ်။ နိုင်ငံတကာအသိုက်အဝန်းနဲ့ ကူးလူးဆက်ဆံမှုတွေ အများအပြား တိုးတက်ဖြစ်ပေါ်လာခဲ့ပါတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ ပြည်ပနိုင်ငံများကို ချစ်ကြည်ရေးခရီးနဲ့ လုပ်ငန်းသဘောခရီး (၃၇)ကြိမ်သွားရောက်ခဲ့ပါတယ်။ အလားတူ မြန်မာနိုင်ငံကိုလည်း ပြည်ပနိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများရဲ့ ခရီးစဉ် (၃၈) ကြိမ်၊ ဒုတိယသမ္မတနဲ့ ဝန်ကြီးများအဆင့် ချစ်ကြည်ရေးနဲ့ လုပ်ငန်းဆိုင်ရာ ခရီးစဉ်ပေါင်း (၆၉) ကြိမ် လာရောက်ခဲ့ကြပါတယ်။ အခုလို များပြားလာတဲ့ အပြန်အလှန် သံတမန်ကူးလူး ဆက်ဆံမှုဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေး တိုးတက်ဖြစ်ထွန်း အောင်မြင်မှုကို ထင်ဟပ်ဖော်ပြလျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ နှစ်ပေါင်းများစွာ ဆက်ဆံရေးမရှိသေးတဲ့နိုင်ငံများ၊ ဆက်ဆံရေး အေးတိအေးစက်ဖြစ်နေတဲ့နိုင်ငံများပင်လျှင် အခုအချိန်မှာ မြန်မာနိုင်ငံနဲ့ ပြန်လည်ဆက်သွယ် ဆက်ဆံမှုများ ပြုလုပ်လာတာကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ တိုးတက်ဖြစ်ထွန်းလာတဲ့ ဆက်ဆံရေးမှာ ပြည်ပနိုင်ငံခေါင်းဆောင်များရဲ့ ထူးခြားခရီးစဉ်အချို့ကို ဒီနေရာမှာ မီးမောင်းထိုးဖော်ပြလိုပါတယ်။ အဲဒီခရီးစဉ်တွေကတော့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်ရဲ့ ၂၀၁၂ ခုနှစ် မေလအတွင်း လာရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်ပေါင်း (၃၀) အတွင်း တောင်ကိုရီးယားခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပါတယ်။ အလားတူ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးရဲ့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း လာရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်ပေါင်း (၆၀) အတွင်း နယူးဇီလန် ခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပါတယ်။ အမေရိကန်သမ္မတ မစ္စတာအိုဘားမားရဲ့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ လာရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်ပေါင်း (၆၅)နှစ်အတွင်း အမေရိကန်ခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံခရီးစဉ် ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးရဲ့ ၂၀၁၃ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံ လာရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်ပေါင်း (၃၆)နှစ်အတွင်း ဂျပန်ခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ဖြစ်ပါတယ်။ ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်ရဲ့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း လာရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်ပေါင်း (၆၀) အတွင်း ဩစတြေးလျခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပါတယ်။ မွန်ဂိုလီးယားနိုင်ငံ သမ္မတ ဆာကီယာဂျင် အယ်လ်ဘယ်ဒေါ့ချ် ရဲ့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ လာရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်ပေါင်း (၅၇)နှစ်အတွင်း မွန်ဂိုလီးယားခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများတွင် သံရုံးများဖွင့်လှစ်ထားရှိပြီး သံတမန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသလို အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံနဲ့ သံတမန်အဆက်အသွယ်ပြုလုပ်ထားပြီး မြန်မာနိုင်ငံမှာ သံရုံးလာရောက်ဖွင့်လှစ်ထားတဲ့ နိုင်ငံပေါင်းက (၄၄) နိုင်ငံရှိပါတယ်။

### မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ပြီးတဲ့နောက် မြန်မာနိုင်ငံဟာ (၁၉-၄-၁၉၄၈) ရက်နေ့မှာ ကုလသမဂ္ဂရဲ့ (၅၇) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂမှာ အဖွဲ့ဝင်အဖြစ် စတင်ပါဝင်ခဲ့တဲ့အချိန်ကစပြီး ယနေ့အချိန်အထိ လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒနဲ့အညီ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသား ဦးသန့်ဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ ခုနှစ် နိုဝင်ဘာလမှ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပထမဆုံး အာရှတိုက်သား ဖြစ်ပါတယ်။ ဦးသန့်ဟာ စေ့စပ်ညှိနှိုင်းမှုမှာ ကျွမ်းကျင်တဲ့ ဝါရင့်သံတမန်တစ်ဦးအဖြစ် ကုလသမဂ္ဂအသိုက်အဝန်းမှာ အသိအမှတ်ပြုခံရသူတစ်ဦးဖြစ်ပါတယ်။ ဦးသန့်ရဲ့ထင်ရှားတဲ့ ဆောင်ရွက်ချက်တွေ အနက် ၁၉၆၂ ခုနှစ် အောက်တိုဘာလအတွင်းမှာ ထိုစဉ်က အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြား ဖြစ်ပေါ်ခဲ့တဲ့ ကျူးဘားဒုံးပျံအရေးအခင်း (Cuban Missile Crisis) ကို သိမ်မွေ့စွာ ကြားဝင်ဖျန်ဖြေစေ့စပ်ပေးနိုင်ခဲ့လို့ ကမ္ဘာကလေးစားရတဲ့ မြန်မာသံတမန်တစ်ဦး ဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ကြီးအပြင် ကုလသမဂ္ဂရဲ့ လက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ (၇၇) နိုင်ငံအုပ်စု၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ စတဲ့အဖွဲ့အစည်းတွေမှာလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေဖြစ်တဲ့ အာဆီယံ၊ ဘင်းမ်စတက် (BIMSTEC)၊ အက်မက်စ် (ACMECS)၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေး (GMS) စတဲ့ အဖွဲ့အစည်းတွေမှာလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။

### မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ခြင်း

မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ် ဇူလိုင်လမှာ အာဆီယံအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ အဖွဲ့ဝင်ဖြစ်ပြီး (၁၇) နှစ်ကျော်အကြာ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ရပါတယ်။ အာဆီယံဥက္ကဋ္ဌအဖြစ် ပထမဆုံးအစည်းအဝေးဖြစ်တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများရဲ့ သီးသန့်အစည်းအဝေး (AMM Retreat) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ပုဂံမြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဧပြီလအတွင်း နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ အခြားဆက်စပ်ထိပ်သီးအစည်းအဝေးတွေကို နိုဝင်ဘာလအတွင်း နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးအတွက် ဘာသာရပ်ဆိုင်ရာ ပြင်ဆင်မှုတွေအပြင် နိုင်ငံတကာက တက်ရောက်လာတဲ့ နိုင်ငံအကြီးအကဲတွေ၊ အစိုးရအဖွဲ့ အကြီးအကဲတွေ၊ နိုင်ငံခြားရေးဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိကြီးတွေအပါအဝင် ကိုယ်စားလှယ်တွေအတွက် နေထိုင်စားသောက်ရေး၊ တည်းခိုနေထိုင်ရေး အစစအရာရာ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဘာသာရပ်ပိုင်းမှာလည်း မတူညီတဲ့ အကျိုးစီးပွားတွေအတွက် ထိန်းညှိပေးနိုင်တဲ့ ဥက္ကဋ္ဌကြေညာချက်ထုတ်ပြန်နိုင်ဖို့ အဘက်ဘက်က ညှိနှိုင်းဆောင်ရွက်ခဲ့ကြရပါတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေနဲ့လည်း များပြားလှတဲ့ အာဆီယံနဲ့ ဆက်စပ်ထိပ်သီးအစည်းအဝေးတွေ တက်ရောက်စဉ် နှစ်နိုင်ငံဆက်ဆံရေးအတွက် တွေ့ဆုံဆွေးနွေးခွင့် တောင်းခံတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊

စာမျက်နှာ ၁၁ သို့



မတ် ၁၄ ရက်က မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာ (CSIS)၏ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ၏ မိတ်ဆွေများစုပေါင်း၍ လောက်ကိုင်ဒေသတွင် တိုက်ပွဲဝင်ရင်းကျဆုံးခဲ့ရသည့် စစ်သည်များ၏ မိသားစုဝင်များနှင့် တိုင်းပြည်အတွက် တိုက်ပွဲဝင်နေသော တပ်မတော်သားများအတွက် အလှူငွေကျပ် ၁၀၁၅၀၀၀၀ အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# သိမ်ဇရပ်ရှိ ရှေးဟောင်းစေတီမြေပြိုကျမှုမဖြစ်စေရေး မြေထိန်းနံရံတည်ဆောက်မည်

**သိမ်ဇရပ် မတ် ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာရှိ ရှေးဟောင်းဆံတော်ရှင်စေတီတော်တစ်ဆူနှင့် အခြားစေတီတော်တစ်ဆူတို့အား မိုးရာသီမြေပြိုကျ၍ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် မြေထိန်းနံရံတည်ဆောက်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိမ်ဇရပ်ကျေးရွာ မြို့မ(၂)ရပ်ကွက်ရှိ ရှေးဟောင်းဆံတော်ရှင် မြသိန်းတန်စေတီတော်နှင့် နောင်တောင်ကြီးစေတီတော်တို့ကို တောင်ကမ်းပါးယံအနီးတွင် တည်ထားကိုးကွယ်ခဲ့ပြီး မိုးရွာသွန်းမှုများပြားသည့်ကာလများတွင် အနီးအနားရှိ တောင်ကမ်းပါးယံများ မြေကြီးပြိုကျမှုဖြစ်ပေါ်ခဲ့သည်။ ယမန်နှစ်မိုးရာသီက စေတီတော်နှစ်ဆူအနီး မြေပြိုကျမှုဖြစ်ပွားခဲ့ရာ တောင်ခြေရှိ လူနေအိမ်အချို့ ထိခိုက်ပြီး တစ်လုံးမှာ ဖျက်သိမ်းဖယ်ရှားခဲ့ရသည်။

မြသိန်းတန်စေတီတော်သည် ရှေးဟောင်းဆံတော်ရှင်စေတီတော်ဖြစ်သည့်အပြင် စေတီတော်နှစ်ဆူမှာ ရွာကျက်သရေဆောင်ဖြစ်ပြီး တည်ဆောက်ပြုပြင်မွမ်းမံမှုများအတွက် ငွေကြေးများစွာ အကုန်အကျခံထားသဖြင့် စေတီတော် နှစ်ဆူပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် စေတီတော်ဂေါပကအဖွဲ့နှင့် ရပ်မိရပ်ဖများက ကျေးရွာမှ လှူဒါန်းငွေဖြင့် အကောင်အထည် မဖော်နိုင်သဖြင့် သက်ဆိုင်ရာများသို့ တင်ပြအကူအညီတောင်းခံခဲ့ကြသည်။

ယင်းသို့ အကူအညီတောင်းခံမှုအား မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၏ ကူညီမှုဖြင့် အလှူရှင် တစ်ဦးက မတည်လှူဒါန်းမည်ဖြစ်ရာ အလျား ၅၉၃ ပေ၊ အနံ ၆၇ ပေနှင့် ပေ ၉၀ အတွင်း၊ အမြင့် ၅၇ ပေနှင့် ပေ၇၀ အတွင်းရှိ ကျောက်သားစီ မြေဖို့အမျိုးအစားမြေထိန်းနံရံတစ်ခုကို ကျပ်သိန်း ၁၈၀၀ ခန့် အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

**ကျောဖုံးမှ**

နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ ဂလိုဘယ်အသင်းမှာလည်း နှစ်ပွဲကစားအပြီးတွင် နိုင်ပွဲမရသေးဘဲ တစ်မှတ်သာရရှိသေးသည်။ ရတနာပုံအသင်းမှ အသစ်ခန့်အပ်ထားသည့် နည်းပြရီဆိုဒီဆေရီသည် ယခုပွဲတွင် စတင်ကိုင်တွယ်မည်ဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ခြင်းရှိ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

ဧရာဝတီအသင်းမှာ မော်လ်ဒိုက်ကလပ် နယူးရေးဒီးယန့်အသင်းနှင့် အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ထွက်ခွာသွားသည်။ ဧရာဝတီအသင်းမှာ အုပ်စုပွဲစဉ် နှစ်ပွဲကစားအပြီးတွင် နိုင်ပွဲ၊ ရှုံးပွဲမရှိသေးဘဲ နှစ်ပွဲစလုံး သရေကျထားသည်။ နယူးရေးဒီးယန့်အသင်းမှာမူ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားပြီး နယူးရေးဒီးယန့်အသင်းနှင့် ဧရာဝတီတို့၏ ပွဲစဉ်ကို မတ် ၁၈ ရက်တွင် ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၁၀ မှ**

အစိုးရအဖွဲ့အကြီးအကဲတွေကို လက်ခံတွေ့ဆုံနိုင်ဖို့ အစည်းအဝေး အားလပ်ချိန်တွေမှာ အနားမယူနိုင်ဘဲ တွေ့ဆုံခဲ့ရပါတယ်။ ဒီတွေ့ဆုံမှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်နိုင်ဖို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ အာဆီယံအသင်းကြီးရဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ရုံသာမက နှစ်နိုင်ငံချင်းဆက်ဆံရေးတိုးမြှင့်နိုင်ဖို့အတွက်လည်း ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများသာမက ကျန်ကမ္ဘာ့နိုင်ငံများကလည်း ချီးကျူးဂုဏ်ပြုခဲ့ကြပါတယ်။

အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်အတွင်း ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာအသိုက်အဝန်းမှာ မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာ (Image) ဟာ မြင့်မားလာခဲ့သလို နိုင်ငံတကာဆက်ဆံရေးဟာလည်း ယခင်အချိန်ကာလများနဲ့မတူ သွက်လက်တက်ကြွနေတာကို တွေ့မြင်ရပါတယ်။ နိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အောင်မြင်မှုဟာ မြန်မာပြည်သူအားလုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သလို ပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို ရေတိုမှာရော၊ ရေရှည်မှာပါ ပိုမိုမြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ အားလုံးအနေနဲ့ မိခင်ဝန်ကြီးဌာနနဲ့ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကို နိုင်ငံတကာမျက်နှာစာမှာ ပိုမိုမြှင့်တင်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ပြီး အခြားဝန်ကြီးဌာနများမှ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများနဲ့အတူ လက်တွဲကာ ဆောင်ရွက်သွားကြပါစို့လို့ ပြောကြားရင်း နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ (၆၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလိုက်ပါတယ်။ ။

**ရည်ညွှန်း**

*(၁) နိုင်ငံခြားရေးဝန်ကြီးဌာန၏ သမိုင်းနှင့် ဆောင်ရွက်ချက် (နိုင်ငံခြားရေးဝန်ကြီးဌာန)*

*(၂) တက္ကသိုလ်ဟန်စိုးဦး၏ နှစ် (၆၀) ပြည့်မြောက်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးများ၏ အနှစ်သာရများ (၂၀၁၄ ခုနှစ် သားကောင်းတမန်မဂ္ဂဇင်း)*

*(၃) နိုင်ငံခြားရေးဝန်ကြီးဌာန သင်ခန်းစာပို့ချချက်များ*

# ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခံစစ်ယူပြင်ဆင်ထားသည့် ပွိုင့်-၁၄၆၇ တောင်ကုန်းအား တိုက်ခိုက်ချေမှုန်း

နေပြည်တော် မတ် ၁၆

**လောက်ကိုင်မြို့ အရှေ့ဘက်ရှိ ပွိုင့်-၁၂၁၉ တောင်ကုန်းတွင် လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား မတ် ၁၅ ရက် ညနေပိုင်းက ကိုးကန့်သောင်းကျန်းသူအင်အားအချို့က လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။**




ထို့အတူ ပါစင်ကျော်ရွာမှ ဘီပီ-၁၃၇ သို့သွားသော ကားလမ်းကြောင်းတစ်လျှောက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခန့်က ကားလမ်းမြောက်ဘက်ခြမ်းရှိ ပွိုင့်-၁၄၆၈ တောင်ကုန်းအနီး၌ ကိုးကန့်သောင်းကျန်းသူအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အဆိုပါတောင်ကုန်းတွင် ခံစစ်ယူပြင်ဆင်ထားသော ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်များတွင် တပ်မတော်မှ အရာရှိ နှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည် ငါးဦးဒဏ်ရာရရှိခဲ့၍ ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




# Solar Impulse-2 မတ် ၁၉ ရက်တွင် ရောက်ရှိမည်

**မန္တလေး မတ် ၁၆**

ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse - 2 သည် အထောက်အကူပြု Cargo Aircraft တစ်စင်းနှင့် Passenger Aircraft တစ်စင်းတို့နှင့်အတူ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)သို့ မတ် ၁၈ ရက်တွင် ရောက်ရှိရန်ဖြစ်သော်လည်း ရာသီဥတုအခြေအနေအရ မတ် ၁၉ ရက် ညနေပိုင်းမှသာ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

Solar Impulse - 2 သည် အဘူဒါဘီမြို့မှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်ကာ ခရီးစဉ်အတွင်း မန္တလေးမြို့တွင် ရပ်နားမည့်ခရီးစဉ်မှာ စတုတ္ထမြောက်ရပ်နားခြင်းဖြစ်ပြီး မတ် ၁၉ ရက် ဆင်းသက်ရောက်ရှိသည့်နေ့မှစ၍ သုံးရက်ကြာရပ်နားသွားမည်ဖြစ်ကြောင်း၊ ရောက်ရှိပြီးနောက် လေယာဉ်၏ နည်းပညာဆိုင်ရာများနှင့် လေကြောင်းကဏ္ဍအတွက် အကျိုးဖြစ်ထွန်းမှုတို့ကို လေယာဉ်နှင့်အတူ လေယာဉ်မှူးများနှင့် Project Co Founder များက သတင်းစာရှင်းလင်းပွဲ နှစ်ကြိမ်နှင့် သရုပ်ပြပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအား တက်ရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ အဆိုပါလေယာဉ်ကို အနီးကပ်လေ့လာနိုင်ရန်နှင့် သရုပ်ပြပွဲများသို့ မီဒီယာများမှ ထုတ်လွှင့်ပြသပေးနိုင်ရေးအတွက် အစီအစဉ်များသတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ထို့ပြင် မန္တလေးမြို့မှ လေ့လာလိုသူများအတွက် ပထမရက် ၁၃၀ ဦး၊ ဒုတိယရက် ၇၀ ဦးတို့အပြင် ကျောက်ဆည်၊ တံတားဦး၊ စဉ့်ကိုင် စသည့် မြို့သုံးမြို့တို့မှလည်း လိုက်ပါကြည့်ရှုလေ့လာရန် ပထမရက် ၇၀ ဦး၊ ဒုတိယရက် ၈၈ ဦးတို့ စာရင်းရရှိထားကြောင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှသိရပြီး လိုက်ပါကြည့်ရှုလေ့လာလိုသူများအနေဖြင့် ဖုန်း-၀၂-၃၆၃၆၂ သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# အိန္ဒိယနိုင်ငံမှ ထောက်ပံ့လှူဒါန်းသည့် ကျောင်းဆောင်သစ် ၁၀ ကျောင်း ရခိုင်ပြည်နယ်၌ ဖွင့်လှစ်

**နေပြည်တော် မတ် ၁၆**

ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းများ ဆောက်လုပ်ရန် အိန္ဒိယသမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းပေးခဲ့သော အမေရိကန်ဒေါ်လာ တစ်သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တွေမြို့နယ်၌ စာသင်ကျောင်းလေးကျောင်း၊ မောင်တောမြို့နယ်၌ စာသင်ကျောင်းလေးကျောင်း၊ သံတွဲမြို့နယ်၌ စာသင်ကျောင်းတစ်ကျောင်း၊ ကျောက်တော်မြို့နယ်၌ စာသင်ကျောင်း တစ်ကျောင်း ဆောက်လုပ်ပြီးစီးခဲ့သည်။

အဆိုပါ ဆောက်လုပ်ပြီးသော ကျောင်း ၁၀ ကျောင်းဖွင့်လှစ်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၄ ရက် မွန်းလွဲပိုင်းက မောင်တောမြို့နယ် ခွဆုံပြင်မူလတန်းလွန်ကျောင်းနှင့် မောင်တောမြို့မအရှေ့ မူလတန်းကျောင်းများ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ၊ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ ဒုတိယသံအမတ်ကြီး Mr.Y.K. Silas Thangal တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းဆောင်သစ် ၁၀ ကျောင်းမှာ အလျားပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေခွဲရှိ သံကူကွန်ကရစ် တစ်ထပ်ကျောင်းဆောင်များဖြစ်ပြီး ကျောင်းဆောင်သစ်နှင့်အတူ စာသင်ခုံ ပရိဘောဂများပါဝင်ပြီး ဒေသတွင်းရှိ နှစ်ဖက်လူမှုအဖွဲ့အစည်းများ၏ ရင်သွေးငယ်များ အခြေခံမူလတန်းပညာများကို ပိုမိုအဆင်ပြေစွာ ဆည်းပူးနိုင်ရေးအတွက် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# မြို့တော် ရန်ကုန် ရောင်စုံဓာတ်ပုံပြပွဲ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ် မြို့တော်ရန်ကုန် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၊ ပြပွဲဖွင့်ပွဲနှင့် ဆုပေးပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီတွင် မြို့တော်ခန်းမ ပထမထပ်တွင် ပြုလုပ်မည်ဖြစ်ရာ မတ် ၁၆ ရက်က ဓာတ်ပုံများခင်းကျင်းလျက်ရှိသည်ကို တွေ့ရစဉ်။

(အဆိုပါ ဓာတ်ပုံပြပွဲကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ဓာတ်ပုံဝါသနာရှင်များ ကြည့်ရှုလေ့လာနိုင်ရန် ခင်းကျင်းပြသထားမည်ဖြစ်သည်။)

**ဌေးအောင်(ကြေးမုံ)**




# ရေလမ်းကြောင်းအသုံးပြုသွားလာနေသော ရေယာဉ်များ ရေလမ်းကြောင်းဖြတ်သန်းခများ ကောက်ခံသွားမည်

**နေပြည်တော် မတ် ၁၆**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစ်ချောင်း ရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံချက်များချမှတ်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေအပိုဒ် ၈၉ ပါ ပြဋ္ဌာန်းထားရှိချက်အရ ဧရာဝတီမြစ် ရေလမ်းကြောင်းတွင် သွားလာနေသည့် ရေယာဉ်များအား ရေလမ်းကြောင်းဖြတ်သန်းခများကို ကောက်ခံသွားရန် ပြည်ရေလမ်းအကောက်စခန်းကို ဧပြီ ၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ရေလမ်းကြောင်းအား အသုံးပြုသွားလာနေကြသော ရေယာဉ်များသည် အကောက်စခန်းများတွင် ရေလမ်းကြောင်းအသုံးပြုခများကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း မပျက်မကွက် ပေးဆောင်ကြရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ Website (www.dwir.gov.mm)တွင် လည်းကောင်း စုံစမ်းကြည့်ရှုနိုင်ပါကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# ဗိသုကာပညာနှင့် အရောင်အသွေးများ ပေါင်းစပ်မှု ခေတ်ရေစီးကြောင်း ပြောင်းလဲတိုးတက်လာ

**ရန်ကုန် မတ် ၁၆**

ကမ္ဘာပေါ်တွင် မြို့ပြစနစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဗိသုကာပညာနှင့် အရောင်အသွေးများပေါင်းစပ်မှု ခေတ်ရေစီးကြောင်းများ ပြောင်းလဲတိုးတက်လာကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းရှိ အဆောက်အအုံနှင့် အိမ်အလှဆင်သုတ်ဆေးထုတ်လုပ်မှုတွင် Dulux အိမ်အလှဆင်သုတ်ဆေး ထုတ်လုပ်နေသော AkzoNobel ကုမ္ပဏီသည် Park Royal ဟိုတယ်၌ Colour Futures 2015 အမည်ဖြင့် ဖက်ရှင်ရှိုးပြုလုပ်ခဲ့ပြီး ၂၀၁၅ တွင် အိမ်အလှဆင်ခြင်းနှင့်ဖက်ရှင်ဒီဇိုင်းအစရှိသည့် နယ်ပယ်အရပ်ရပ်၌ ရေပန်းစားမည်ဖြစ်သည့် Copper Orange အရောင်အားမော်ဒယ်များနှင့်အတူ မိတ်ဆက်ခဲ့သည်။ Copper Orange အရောင်သည် ၂၀၁၅ ခုနှစ်၏အရေးပါသောခေတ်ရေစီးကြောင်းများရောင်ပြန်ဟပ်စေကာ လိုက်ဖက်မှုရှိပြီး နေ့စဉ်ပုံမှန်အခြေအနေမှ ထူးခြားမှုကို ရှာဖွေခြင်းတို့ကိုပေါင်းစပ်ထားသည်ဟုအဓိပ္ပာယ်ရသည့် "Everyday+Finding the Wonderful in the normal" ဆိုသည့် အမှတ်သင်္ကေတအား ထုတ်ဖော်ပြခဲ့သည်ဟု မိတ်ဆက်ခဲ့သည်။

၂၀၀၄ မှ ၂၀၁၅ အထိ ၁၂နှစ်တာ Colour Futures TM ၏ နှစ်တစ်ခုဆီကို ကိုယ်စားပြုသော အရောင်တို့အား ဖက်ရှင်ရှိုးဖြင့်ပြသကာ ယခုနှစ်၏ အရောင်ဖြစ်သည့် Copper Orange အားမြန်မာ့ရိုးရာဝတ်စုံဒီဇိုင်းဖြင့်မိတ်ဆက်ပြသခဲ့သည်။




"လူသားဆန်တဲ့ခံစားမှုကိုရစေဖို့ မြို့တစ်မြို့ဟာစိတ်ခံစားဆက်နွယ်မှုကို လှုံ့ဆော်ပေးနိုင်ရပါမယ်။ အရောင်တွေက ဒီခံစားမှုမျိုးဖြစ်စေဖို့ အကောင်းဆုံးနည်းလမ်းပါပဲ။ ကျွန်တော်တို့ရဲ့ လေ့လာမှုတွေအရ အရောင်တွေကလူတွေကို ပတ်ဝန်းကျင်နဲ့ သက်ဆိုင်မှုရှိပြီး သဟဇာတဖြစ်တဲ့ခံစားမှုမျိုးပေးအပ်နိုင်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာ မြို့ပြစနစ် ဖွံ့ဖြိုးလာတဲ့အလျောက် မြို့တွေရဲ့ ကိုယ်ပိုင်လက္ခဏာရပ်တွေကို မဖျောက်ဖျက်မိဖို့ အရေးကြီးလာပါတယ်။ ကျွန်တော်တို့ ယုံကြည်တာကတော့ အရောင်တွေရဲ့ ပြောင်းလဲနိုင်တဲ့စွမ်းအားကို အားလုံးအကျိုးအမြတ်ရစေဖို့ အခွင့်အလမ်းရှိစေချင်တယ်ဆိုတာပါပဲ။ ဒါတွေလုပ်ဆောင်နိုင်ဖို့ စိတ်ကူးစိတ်သန်းနဲ့ ဖန်တီးမှုရှိဖို့ပဲ လိုတာပါ" ဟု AkzoNobel Decorative Paints ကုမ္ပဏီ၏အရှေ့တောင်အာရှ၊ တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသ Managing Director ဖြစ်သူ Jeremy Rowe က ပြောကြားခဲ့သည်။

**(၀၀၁)**

# တက္ကသိုလ်ဝင်စာမေးပွဲများ ဆက်လက်ကျင်းပ

**မြစ်ကြီးနား**

တက္ကသိုလ်ဝင်စာမေးပွဲများကို နိုင်ငံတစ်ဝန်း စာစစ်ဌာနများဖွင့်လှစ်၍ မတ် ၁၁ ရက်မှ စတင်ကျင်းပလျက်ရှိရာ မတ် ၁၆ ရက်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြစ်ကြီးနားမြို့နယ်အတွင်း စာစစ်ဌာန ၁၄ ခုဖွင့်လှစ်၍ ကျင်းပရာ ဓာတုဗေဒဘာသာရပ်အား ကျောင်းသား ၂၈၁၅ ဦးနှင့် ကျောင်းသူ ၄၄၅၀ စုစုပေါင်း ၇၂၆၃ ဦး ဖြေဆိုခဲ့ကြောင်း သိရသည်။

**မိုယ်းကျ(မြစ်ကြီးနား)**

**စစ်တွေ**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း တစ်ပြိုင်တည်း စစ်ဆေးလျက်ရှိရာ စစ်တွေမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို စာစစ်ဌာန ၁၀ ခုဖြင့် ဖွင့်လှစ်စစ်ဆေးလျက်ရှိပြီး ကျောင်းတွင်းဖြေ၊ အပြင်ဖြေစာရင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၈၁၁ ဦးအနက်မှ ၂၅၂ ဦး ဖြေဆိုရန် ပျက်ကွက်ပြီး မတ် ၁၆ ရက်အထိ ဖြေဆိုသူကျောင်းသား ကျောင်းသူ ၃၅၅၉ ဦးမှာ မိမိတို့ဖြေဆိုခွင့်ရ စာစစ်ဌာနအသီးသီးတွင် အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

**မြင့်သူ(စစ်တွေ)**

**တောင်ကြီး**

၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၏ စတုတ္ထနေ့ဖြစ်သော ယနေ့တွင် ဓာတုဗေဒဘာသာရပ်အား ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ စာစစ်ဌာနပေါင်း ၅၉ ခုတွင် စာရင်းရှိ ကျောင်းသား ၈၄၈၈ ဦး၊ ကျောင်းသူ ၁၃၅၂၉ ဦး၊ စုစုပေါင်း ၂၂၀၁၇ ဦးဖြစ်ပြီး ဖြေဆိုသူ ကျောင်းသား ၇၇၅၂ ဦး၊ ကျောင်းသူ ၁၂၉၂၈ ဦး၊ စုစုပေါင်း ၂၀၆၈၀ ဦးဖြစ်သည်။ ပျက်ကွက်ကျောင်းသား ၇၃၆ ဦး၊ ကျောင်းသူ ၆၀၁ ဦး၊ စုစုပေါင်း ၁၃၃၇ ဦးဖြစ်၍ ဖြေဆိုမှု ရာခိုင်နှုန်းမှာ ၉၃ ဒသမ ၉၃ ဖြစ်ကြောင်းသိရသည်။ တောင်ကြီးမြို့နယ်အတွင်း စာစစ်ဌာနပေါင်း(၁၃)ခုရှိပြီး စာရင်းရှိ (၆၄၄၉) ဦး၊ ဖြေဆို ၆၀၄၀ ဦး၊ ပျက်ကွက် ၄၀၉ ဦးဖြစ်၍ စုစုပေါင်း ၉၃ ဒသမ ၆၆ ရာခိုင်နှုန်း ဖြစ်ကြောင်းသိရသည်။

**(ကိုယ်ပွားတောင်ကြီး)**

**မုဒုံ**

ယနေ့နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် ဖြေဆိုသည့်နေ့၌ မွန်ပြည်နယ် မုဒုံမြို့ရှိ စာစစ်ဌာနလေးခုတွင် ကျောင်းသားကျောင်းသူ ၁၈၅၆ ဦးတို့က သတ်မှတ်ထားသည့် ဖြေဆိုချိန် ပြီးဆုံးသည်အထိ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြသည်။

ယနေ့ ဓာတုဗေဒဘာသာရပ်ဖြေဆိုသူများတွင် အထက(၁)၌ ၇၁၆ ဦး၊ အထက(၂)၌ ၅၃၄ ဦး၊ အထက(၃) ၌ ၂၇၉ ဦးနှင့် ကမာဝက် အထက၌ ၃၂၇ ဦး စုစုပေါင်း ၁၈၅၆ ဦး (ကျောင်းသား ၆၉၃ ဦးနှင့် ကျောင်းသူ ၁၁၆၃ ဦး) တို့ ဖြေဆိုကြသည်။

ယမန်နှစ်က မုဒုံမြို့နယ် စာဖြေဌာန သုံးခုတွင် ဓာတုဗေဒဘာသာရပ် ဖြေဆိုသူ ၁၅၂၇ ဦးရှိခဲ့ပြီး ဓာတုဗေဒဘာသာရပ်ဖြင့် ဂုဏ်ထူးထွက်သူ ၆၂ ဦးရှိခဲ့ကြောင်း မုဒုံမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**ကိုချစ်(မုဒုံ)**

**လားရှိုး**

လားရှိုးမြို့၌ မတ် ၁၆ ရက်က တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာတွဲဆက်လက်ဖြေဆိုရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိသည်။

လားရှိုးမြို့တွင်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသား ၁၅၇၄ဦး၊ ကျောင်းသူ ၂၂၀၈ ဦး စုစုပေါင်း ၃၇၈၂ ဦးဖြေဆိုကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# မိုနာကိုနှင့်ပွဲတွင် မိမိခြေစွမ်းအစစ်မှန် ပြသမည်ဟု ဂီရော့ဒ်ကြွေးကြော်



ချန်ပီယံလိဂ်ပထမအကျော့ရှုံးထွက်ပွဲစဉ်တွင် အခွင့်အရေးများစွာဖြုန်းတီးခဲ့ပြီး အိမ်ကွင်းတွင်မိုနာကိုအား ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယအကျော့တွင် မတူညီသော စွမ်းဆောင်ရည်မျိုးဖြင့် ပြန်လည်ပေးဆပ်သွားမည်ဟု အာဆင်နယ်တိုက်စစ်မှူး အိုလီဗာဂီရော့ဒ်က ပြောကြားခဲ့သည်။ အဆိုပါ ပြင်သစ်လက်ရွေးစင်တိုက်စစ်မှူးသည် ပရီမီယာလိဂ်ပြိုင်ပွဲ ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အတွက် အဖွင့်ဂိုးကို ကိုယ်တိုင်သွင်းယူခဲ့သလို ကျန်သွင်းဂိုးနှစ်ဂိုး စလုံး သွင်းယူရာတွင် အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့သည်။

အာဆင်နယ်သည် ပရီမီယာလိဂ်ပွဲစဉ်များတွင် ခြေစွမ်းမှန်မှန်ဖြင့် နိုင်ပွဲဆက်နေခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အိမ်ကွင်းမှာပင် မိုနာကိုကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ ဒုတိယအကျော့ပွဲစဉ်တွင် အနည်းဆုံး သုံးဂိုးရရှိရန် လိုအပ်နေသည်။

ဂီရော့ဒ်က “ ခက်ခဲပေမယ့် အကောင်းဆုံးစွမ်းဆောင်ရည်တွေနဲ့သူတို့(မိုနာကို)ကို ပြန်လည်တုံ့ပြန်နိုင်ဖို့ ကြိုးပမ်းသွားမှာပါ။ ခင်ဗျားတို့အနေနဲ့ မိုနာကိုနဲ့ပွဲမှာ ဘာဖြစ်သွားတာလဲလို့ မေးချင်မှာပါ။ ဒီမေးခွန်းအတွက်ကျွန်တော်တို့ ဝက်စ်ဟမ်းနဲ့ပွဲမှာ အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သလို အခု မိုနာကိုနဲ့ ကစားမယ့်ပွဲမှာ ဆက်လက်ပြီးစိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို ပြသသွားမှာပါ။ ဘောလုံးပွဲတွေဟာ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနဲ့ ကစားရတဲ့ ကစားနည်းမျိုးဖြစ်ပြီး ရံဖန်ရံခါ အရမ်းခက်ခဲတဲ့ကာလတွေ ရှိနေတတ်ပါတယ်။ ဒါဟာဘဝနဲ့တူပါတယ်။ ပွဲစဉ်တော်တော်များများမှာ ဂိုးတွေအများကြီး သွင်းယူနိုင်ပြီး အကောင်းဆုံးကစားနိုင်ရင်တောင် တချို့ပွဲတွေမှာ အခွင့်အရေးအချို့အသုံးမချနိုင်ခဲ့ရင် အရင်ပွဲက စွမ်းဆောင်ရည်တွေကို မေ့လိုက်တော့တာပါပဲ။ ကျွန်တော်ပွဲစဉ်တွေမှာ ခြေစွမ်းပြပြ၊ မပြပြ မီဒီယာတွေရဲ့ ရေးသားချက်တွေကို ဘယ်တော့မှဖတ်လေ့မရှိဘူး။ ပြောနိုင်တာတစ်ခုကတော့ ဘောလုံးဟာ အမြဲတမ်းအသစ်ကပြန်စလို့ရတဲ့ကစားနည်းပါ။ ပွဲအပြီး အကောင်းဆုံးရလဒ်ရရှိဖို့ စိတ်ရှည်ရမှာပါ ”ဟုပြောကြားခဲ့သည်။

[မေလှဲ့သင်း]

## လာမည့်ဘောလုံးရာသီတွင် ဒီမာရီယာမန်ယူတွင်ဆက်ရှိနေမည်ဟု ဗန်ဟားလ်အခိုင်အမာဆို

မန်ယူတောင်ပံကစားသမားဒီမာရီယာသည် နောင်နှစ်ဘောလုံးရာသီတွင် မန်ယူ၌သာဆက်လက်ကစားသွားမည်ဟု ဗန်ဟားလ်ကအခိုင်အမာပြောကြားလိုက်သည်။ အက်ဖ်အေဖလားပြိုင်ပွဲတွင် အာဆင်နယ်အား အိမ်ကွင်း၌ စိတ်ပျက်ဖွယ်နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် ဖလားလက်မဲ့ရာသီတစ်ခုကိုထပ်မံဖြတ်သန်းရန် အလားအလာများနေရာ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၅၉ ဒသမ ၇ သန်းတန်အဆိုပါတောင်ပံတိုက်စစ်မှူး မန်ယူမှထွက်ခွာတော့မည်ဆိုသည့်သတင်းများမှာ ပိုမိုကျယ်လောင်လာခဲ့သည်။

ဗန်ဟားလ်က ဒီမာရီယာ အနီကတ်ထိပြီးနောက် ရှုံးနိမ့်ခဲ့သော အဆိုပါ အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ကစားသမား၏တုံ့ပြန်မှုမှာ အပြုသဘောဆန်ပြီး နှစ်လိုဖွယ်ကောင်းကြောင်း၊ နောင်လာမည့်ဘောလုံးရာသီတွင်လည်း ၎င်းကစားသမား ဆက်လက်ရှိနေမည်ဟု ယုံကြည်ကြောင်းဆိုသည်။ ထို့ပြင်ဂလေဇာ မိသားစုကလည်း ၎င်း၏စီမံခန့်ခွဲမှုအပေါ်တွင် ကျေနပ်မှုရှိကြောင်း ထပ်လောင်းပြောကြားလိုက်သည်။ ဒီမာရီယာပြန်လည်ကစားနိုင်ပြီး နေရာပျောက်နေခဲ့သော ဖယ်လ်ကာအိုနှင့်ပတ်သက်၍လည်း ကာကွယ်ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ်လက ရီးယဲလ်မက်ဒရစ်မှ ပြောင်းရွှေ့ရောက်ရှိလာခဲ့သည့် အာဂျင်တီးနားလက်ရွေးစင်ကစားသမားမှာ ဒီဇင်ဘာ ၁ ရက် နောက်ပိုင်းကတည်းက တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိသလို နောက်ဆုံးကစားခဲ့သည့် ၁၀ ပွဲတွင် ဂိုးဖန်တီးမှုသုံးကြိမ်သာ ပြုလုပ်ပေးနိုင်ခဲ့သည်။ အဆိုပါကစားသမားသည် ချက်ရှိုင်းယားရှိ ၎င်း၏နေအိမ်ဖောက်ထွင်းခံရပြီး တခြားနေအိမ်သို့ပြောင်းရွှေ့သွားပြီးနောက် ခြေစွမ်းသိသိသာသာ ကျဆင်းလာခဲ့သည်။

ဗန်ဟားလ်သည် ယခုနှစ်ဘောလုံးရာသီတွင် ၎င်း၏ နည်းစနစ်ပိုင်းနှင့်ပတ်သက်ကာ ဝေဖန်အခံရဆုံး နည်းပြဖြစ်ပြီး အင်္ဂလန်ဘောလုံးလောကနှင့် လုံးဝအံမဝင်သောနည်းဗျူဟာဟု ဝေဖန်ခံနေရသည်။

## ချယ်လ်ဆီးနှင့် မန်စီးတီးတို့သာယှဉ်ပြိုင်နေရသော ဖလားလုပွဲတွင် အာဆင်နယ် ပါဝင်လာပြီဟု မော်ရင်ဟိုဆို



**စတန်းဖို့ဘရစ်ချ်တွင်ယှဉ်ပြိုင်ကစားခဲ့သောချယ်လ်ဆီးနှင့် ဆောက်သမ်တန်တို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာထွက်ပေါ်ခဲ့ရာ ပရီမီယာလိဂ်ဖလားလုပွဲတွင် အာဆင်နယ်ပါဝင်ရောက်လာခဲ့ပြီဟု မော်ရင်ဟိုကဆိုလိုက်သည်။ ဖေဖော်ဝါရီလကုန်လောက်အထိ ချန်ပီယံဆုအတွက် ချယ်လ်ဆီးနှင့် မန်စီးတီးတို့သာ အဓိကထားယှဉ်ပြိုင်နေရပြီး မြင်းနှစ်ကောင်တည်းပြေးသောပြိုင်ပွဲအဖြစ် သတ်မှတ်ခဲ့သော်လည်း လက်ရှိတွင် မန်စီးတီးနှင့် အာဆင်နယ်မှာ တစ်မှတ်သာကွာဟလာတော့ရာ မော်ရင်ဟိုက အထက်ပါအတိုင်းဆိုခဲ့ခြင်းဖြစ်သည်။**

ယခုလက်ရှိအနေအထားတွင် ချယ်လ်ဆီးသည် တစ်ပွဲလျော့အနေအထားဖြင့် အနီးဆုံးပြိုင်ဘက် မန်စီးတီးအသင်းကို ခြောက်မှတ်ဖြတ်ကာ ရမှတ် ၆၄ မှတ်ဖြင့် အမှတ်ပေးဇယားကို လွတ်လွတ်ကျွတ်ကျွတ်ဦးဆောင်နေသည်။ သို့သော် အာဆင်နယ်က ဝက်စ်ဟမ်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မန်ယူက စပါးကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ရာ ပရီမီယာလိဂ်မှာပြိုင်ဆိုင်မှု ပိုမိုပြင်းထန်သော အနေအထားတစ်ရပ်သို့ ရောက်ရှိလာခဲ့သည်။

ချယ်လ်ဆီးနှင့် ဆောက်သမ်တန်တို့ပွဲစဉ်တွင် တိုက်စစ်မှူး ဒီယေဂိုကော်စတာ၏ ၁၉ ဂိုး မြောက် ပရီမီယာလိဂ်သွင်းဂိုးဖြင့် ဦးဆောင်နေခဲ့သော်လည်း ပထမပိုင်းမှာပင် ဆောက်သမ်တန်မှ တာဒစ်၏ပင်နယ်တီဂိုးအား ခွင့်ပြုခဲ့ရသည်။ ထို့ကြောင့် ပွဲအပြီးတွင် ရမှတ်တစ်မှတ်သာရယူနိုင်ခဲ့သည်။

မော်ရင်ဟိုက“ ဟုတ်ပါတယ်။ အာဆင်နယ်က အခုဆို နှစ်ကောင်တည်းပြေးနေတဲ့ပြိုင်ပွဲထဲကို နောက်ထပ် ဝင်ရောက်လာနိုင်ခဲ့ပါပြီ။ သူတို့အသင်း(အာဆင်နယ်)က မန်စီးတီးထက်တစ်မှတ်သာလျော့နည်းပြီး နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းလည်းတည်ငြိမ်ကောင်းမွန်လာခဲ့တယ်။ အာဆင်နယ်က မန်စီးတီးထက် တစ်မှတ်သာ လျော့နည်းသလို မန်ယူကလည်းအာဆင်နယ်နဲ့ တစ်မှတ်ပဲကွာပါတယ်။ ဒါကြောင့် သူတို့နှစ်သင်းလုံးကို ချန်ပီယံဆုပြိုင်ပွဲမှာ ဝင်ရောက်လာတဲ့ အသင်းနှစ်သင်းအဖြစ် သတ်မှတ်ရတော့မှာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ အခုအနေအထားအပေါ် အလုံးစုံ မကျေနပ်နိုင်သေးပါဘူး။ ဒီကိစ္စကို ကစားသမားတွေကိုချည်း အပြစ်ဖို့လို့ မရပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အခြားအသင်းထက် ခြောက်မှတ်သာပြီး တစ်ပွဲကစားဖို့ ကျန်နေသေးတာဟာ အခြေအနေကောင်းတစ်ရပ်ပါပဲ။ ပရီမီယာလိဂ်ဟာ တကယ်ကို အန္တရာယ်ကြီးတဲ့ ကစားပွဲပါ”ဟုဆိုသည်။

ချယ်လ်ဆီးအသင်းသည်လက်ရှိတွင် ကာလင်းဖလားရရှိထားခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၆ သင်းအဆင့်ရှုံးထွက်ပွဲ၌ ပီအက်စ်ဂျီအား နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-သုံးဂိုးဖြင့် အဝေးဂိုးစည်းမျဉ်းအရ ထွက်ခွာခဲ့ရသလို အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း စောစီးစွာလက်ပြနှုတ်ဆက်ခဲ့ရသည်။

[မေလှဲ့သင်း]

## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး

**ရန်ကုန် မတ် ၁၆**

၂၀၁၅ ခုနှစ် ဇွန် ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံတွင်ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားနည်း ၃၁ နည်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်ကတွေ့ဆုံ၍ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ လေ့ကျင့်ထားရှိမှု၊ ပြိုင်ဘက်အသင်းများ၏ အားနည်းချက်၊ အားသာချက်များကိုချိန်ဆ၍ မျှော်မှန်း အောင်မြင်မှုရရှိမှုအခြေအနေနှင့်ဝင်ရောက်ယှဉ်ပြိုင်မည့်အင်အားလျာထားမှုများကို ပကတိ အခြေအနေအတိုင်း ညှိနှိုင်းဆွေးနွေးသည့် ပထမနေ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်နှင့် ဦးသက်လွင်တို့က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မတ် ၂၃ မှ ၂၆ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာရှတိုက်ကွမ်ဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်မှုအဖွဲ့ခေါင်းဆောင်ဦးနှင့် ကစားသမား ၁၀ ဦး စုစုပေါင်း မြန်မာအားကစားအဖွဲ့ဝင် ၁၆ ဦးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

[မောင်မောင်ဇော်]

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးလုပ်ငန်းများရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအားဖိတ်ခေါ်ခြင်း**
**စိတ်ဝင်စားမှုဖော်ပြချက်(Expression of Interest)**

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါ နိုင်ငံတော်ပိုင်ခြံ/စက်ရုံ(၃၁) ခု အား စီးပွားရေးအရ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများအား အကျိုးတူနှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများနှင့် နိုင်ငံတော်အတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်များအား စိတ်ဝင်စားမှု ဖော်ပြချက်(Expression of Interest-EOI)ခေါ်ယူပြီး တင်ဒါစနစ်ဖြင့်ရွေးချယ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | ခြံ/စက်ရုံအမည် | တည်နေရာ |
|---|---|---|
| ၁ | မွေးမြူရေးဆေးဝါးထုတ်လုပ်ရေးစက်ရုံ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် |
| ၂ | ဒညင်းကုန်းအစာစပ်စက်ရုံ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် |
| ၃ | ငါးဆူတောင်ဥစားကြက်ခြံအမှတ်(၁) | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် |
| ၄ | ငါးဆူတောင်ဥစားကြက်ခြံအမှတ်(၂) | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် |
| ၅ | ငါးဆူတောင်အသားတိုးဘဲမွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် |
| ၆ | ရွှေမျှားရွှေမွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် |
| ၇ | ပျဉ်းမပင်ကြက်မျိုးများမွေးမြူစမ်းသပ်ရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် |
| ၈ | ပျဉ်းမပင်အသားတိုးမျိုးကြက်မွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် |
| ၉ | ပျဉ်းမပင်မျိုးသန့်ကြက်မွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် |
| ၁၀ | ပျဉ်းမပင်စားကျက်စက်မှုစခန်း | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် |
| ၁၁ | ပျဉ်းမပင်ဝက်မွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် |
| ၁၂ | ရွာသာကြီး နွားမွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း |
| ၁၃ | ရွာသာကြီး အစာစပ်စက်ရုံ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း |
| ၁၄ | ရွာသာကြီး ဘဲမွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း |
| ၁၅ | ရွာသာကြီးယူနစ်(၄)ဘဲမွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း |
| ၁၆ | လှော်ကားဝက်မွေးမြူရေးခြံ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် |
| ၁၇ | ဒိုက်ဦးဝက်သားကုန်ချောစက်ရုံ | ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် |
| ၁၈ | ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့်အစာစပ်စက်ရုံ | ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် |
| ၁၉ | ဘုရားကြီးဝက်မွေးမြူရေးခြံ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် |
| ၂၀ | ဝမ်းဘဲအင်းမွေးမြူရေးခြံ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် |
| ၂၁ | ပြင်ဦးလွင်မျိုးရင်းစစ်ကြက်မွေးမြူရေးခြံ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် |
| ၂၂ | ဇီးပင်ကြီးကြက်မွေးမြူရေးခြံ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် |
| ၂၃ | မန္တလေးအစာစပ်စက်ရုံ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် |
| ၂၄ | ပျော်ဘွယ်မွေးမြူရေးခြံ | မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် |
| ၂၅ | သဖန်းမွေးမြူရေးခြံ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် |
| ၂၆ | မြိုင်ဆိတ်မွေးမြူရေးခြံ | မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် |
| ၂၇ | တာယောအစာသိုလှောင်ရုံ | ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ် |
| ၂၈ | ဆီဆိုင်မွေးမြူရေးခြံ | ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ် |
| ၂၉ | ဟိုမော်မွေးမြူရေးခြံ | ရှမ်းပြည်နယ်တောင်ပိုင်း၊ သီပေါမြို့နယ် |
| ၃၀ | လားရှိုးဝက်မွေးမြူရေးခြံ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ် |
| ၃၁ | ရိုခေါဒါရ်မွေးမြူရေးခြံ | ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် |

၂။ စိတ်ဝင်စားသူ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် ပဏာမအရည်အချင်းဆန်းစစ်ရန်အတွက် စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ(EOI)တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို အဆိုပြုဖော်ပြလျက် လိုအပ်သောအထောက်အထား အချက်အလက်များနှင့်အတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၆) နေပြည်တော်သို့ ၂၈-၃-၂၀၁၅ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ရန် ဖြစ်ပါသည်။ ပဏာမအရည်အချင်းဆန်းစစ်၍ အရည်အချင်းပြည့်မီသည့် လုပ်ငန်းရှင်များကိုသာ တင်ဒါဝင်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာပုံစံများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန Website တွင် လည်းကောင်း၊ ရုံးအမှတ်(၃၆)နေပြည်တော်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနတွင်လည်းကောင်း ရယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၄၀၈၂၀၁၊ ၀၆၇-၄၀၈၄၈၀၊ ၀၆၇-၄၀၈၄၇၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

# လားရှိုးနှင့်မူဆယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူတောင့်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၆**

မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၄ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် လားရှိုးမှ မန္တလေးသို့ ယာဉ်မောင်း အောင်ဇင်ထူးမောင်းနှင်သည့် "ငွေနန်းစိုး"ယာဉ်အသင်းမှ ယာဉ်အမှတ် 7A/. . . . ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းတွင် လိုက်ပါလာသူ ခရီးသည် ကျောက်ဖူစိန်နှင့် မကျူးကျောက်တီတို့ ဇနီးမောင်နှံ၏ ခရီးဆောင်အိတ်အတွင်းမှ အဝတ်အစားများနှင့် ရောနှောသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ သိမ်းဆည်းရမိသဖြင့် ကျောက်ဖူစိန် (၃၇)နှစ်နှင့် မကျူးကျောက်တီ (၂၈)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များသည် မတ် ၁၄ ရက်က မူဆယ် (၁၀၅)မိုင်-ပန်ဆိုင်း (ကြူကုတ်)သွား ကားလမ်း မူဆယ်မြို့နယ် လုံခန်ကျေးရွာအဝင် ညောင်ပင်အနီး ကားလမ်းမပေါ်တွင် ပန်ဆိုင်း (ကြူကုတ်)မှ ၁၀၅ မိုင်ဘက်သို့ အိုက်ခမ်းမြင့်မောင်းနှင်ပြီး အိုက်စိုင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ အိုက်ခမ်းမြင့် ဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ ဘိန်းဖြူတောင့်သုည ဒသမ ၀၀၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၊ ဆိုင်ကယ်ဖင်ထိုင်ခုံအောက် တူးဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀ တို့ကို သိမ်းဆည်းရမိသဖြင့် အိုက်ခမ်းမြင့် (၂၅)နှစ်နှင့် အိုက်စိုင်း (၂၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(မူးယစ်ဗဟို)**



**ကျောက်ဖူစိန်နှင့် မကျူးကျောက်တီတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။**

# မလှိုင်မြို့နယ်အတွင်းရှိ ယစ်မျိုးဆိုင်များအား ရှောင်တခင် စစ်ဆေးမှုများပြုလုပ်

**မလှိုင် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း ရောင်းချလျက်ရှိသော ယစ်မျိုးဆိုင်များနှင့် စားသောက်ဆိုင်များတွင် လိုင်စင်များ ရှိ၊မရှိနှင့် ခွင့်ပြုချက်မဲ့အရက်ဆိုင်များ ရောင်းချခြင်း ရှိ၊ မရှိကို မတ် ၁၃ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ၊ မြို့နယ်အခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့ပေါ် ရပ်ကွက်ကြီးလေးခုတို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်ပူးပေါင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ယင်းစစ်ဆေးရေး အဖွဲ့မှ မြို့ပေါ် ရပ်ကွက်များအတွင်း ရောင်းချနေသော ယစ်မျိုးဆိုင်များနှင့် စားသောက်ဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ယစ်မျိုးဆိုင်များနှင့် စားသောက်ဆိုင်များတွင် လိုင်စင်များရရှိထားပြီးမှသာ ရောင်းချခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# သံဖြူဇရပ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**သံဖြူဇရပ် မတ် ၁၆**

သံဖြူဇရပ်မြို့ အောင်သာယာရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချနေကြောင်းသတင်းအရ သံဖြူဇရပ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်အေးမင်းထွန်းနှင့်အဖွဲ့သည် မတ် ၁၁ ရက် နံနက် ၃ နာရီတွင် အောင်သာယာ ရပ်ကွက် မြို့ပတ်လမ်းနေ စိုးဝဏ္ဏ(ခ)ဝဏ္ဏ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်အိပ်ခန်းမွေ့ရာအောက်မှ ပလတ်စတစ်ဖြင့် ထုတ်ထားသည့် ပန်းရောင်စိတ်ကြွဆေးပြားနှစ်ပြားနှင့် အိမ်အောက်တွင် အနက်ရောင် ပလတ်စတစ်စများဖြင့် ထုပ်ထားပြီး ပလတ်စတစ်အိတ်ဖြင့် ထပ်မံထုပ်ထားသော WY စာတန်းပါ စိတ်ကြွဆေးပြား ၃၄ပြား၊ R စာတန်းပါ စိတ်ကြွဆေးပြားလေးပြား စုစုပေါင်း ဆေးပြား ၄၀ခန့်နှင့် ၎င်း၏ အိပ်ခန်းအတွင်းမှ မူးယစ်ဆေးရောင်းရငွေ ကျပ်နှစ်သိန်းကို သိမ်းဆည်းရမိသဖြင့် စိုးဝဏ္ဏ (ခ)ဝဏ္ဏ(၃၈)နှစ်အား သံဖြူဇရပ် ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉(က) ၂၀(က)အရ အရေးယူထားကြောင်းသိရသည်။

**ကျော်ဝင်း(iprd)**

■

# လောက်ကိုင်မြို့တွင် မူးယစ်ဆေးဝါး သယ်ဆောင်၊ ရောင်းဝယ်၊ သုံးစွဲသူများအား ထောင်ဒဏ်များချမှတ်

**နေပြည်တော် မတ် ၁၆**

လောက်ကိုင်မြို့ နယ်မြေခံတပ်မှ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက်က လောက်ကိုင်မြို့ ရပ်ကွက်(၃)ရှိ မသက်ဘွယ်နေအိမ်အား ဝင်ရောက်ရှင်းလင်းရာ ကျန်စစ်လင်၊ ဟော်တိုင်ဖောင်နှင့် လင်တင်ဝမ်းတို့ သုံးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၊ အိုက်စ် သုည ဒသမ ၀၁၁ ကီလို၊ လက်နက်ခဲယမ်းများနှင့်အတူ သိမ်းဆည်းရမိ၍ လောက်ကိုင်မြို့မ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မတ် ၁၃ ရက်တွင် စစ်ခုံရုံးမှ တရားခံကျန်စစ်လင်၊ ဟော်တိုင်ဖောင်နှင့် လင်တင်ဝမ်းတို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၁/၂၂(ခ) အရ ထောင်ဒဏ် ၃၅ နှစ်စီ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မူးယစ်ဗဟို)**

# မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# ကျွန်းလှမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား တဲငယ်အလုံး ၂၀ခန့် မီးလောင်ကျွမ်း

**ကျွန်းလှ မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် နောင်ကောက်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ တောင်ဘက် ၂မိုင်ခန့်အကွာ မကျည်းချောင်ရေနံမှော်ဟောင်းနေရာရှိ ကိုင်းတောတွင် မတ် ၁၅ရက် မွန်းလွဲ ၁၂နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယင်းရေနံမှော်ဟောင်းရှိ ကိုင်းတောတွင် တောမီးလောင်ကျွမ်းရာမှ မီးပွားများ လွင့်စင်၍လူမနေသည့် ယာယီဆောက်ထားသောသက်ငယ်မိုး၊ ထရံကာ၊ ဝါးကပ်ခင်းတဲများ၊ လူနေသည့်ယာယီတဲငယ် အလုံး၂၀ခန့်နှင့် ရေနံကျင်းငြိမ်းဟောင်းများလောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းခဲ့သည့်တဲများအား ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး လူနှင့် တိရစ္ဆာန်များထိခိုက်ဒဏ်ရာရသေဆုံးမှု မရှိကြောင်းသိရသည်။

မီးဘေးသင့်ပြည်သူများကို ဒုရဲအုပ်အောင်ကျော်စွာနှင့် တပ်ဖွဲ့ဝင်များ၊ ပိန္နဲကုန်းကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပိန္နဲကုန်းဘုန်းတော်ကြီးကျောင်းတွင်အစားအစာနှင့် နေရာထိုင်ခင်း အဆင်ပြေရန်စီစဉ်ပေးထားကြောင်းသိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# မိခင်နှင့်စကားများ၍ကျုံးအတွင်းခုန်ချသေဆုံး

**မန္တလေး မတ် ၁၆**

မန္တလေးအောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ကွက်၁၂ လမ်းနှင့် ၇၈ လမ်းဆုံအနီးတွင် မတ် ၁၂ ရက် ညရနာရီမိနစ်၂၀ခန့်က အမျိုးသားတစ်ဦးကျုံးရေပြင်အတွင်း ခုန်ချရေနစ်သေဆုံးသွားကြောင်း သတင်းအရ အမှတ် (၂)နယ်မြေရဲစခန်းမှူးရဲအုပ်ဇော်ဝင်းစိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူသွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ၎င်းရပ်ကွက်နေ ထွန်းထွန်းဦး အသက် (၃၅)နှစ် ဆေးသုတ်လုပ်သားဖြစ်ပြီး ၎င်းသည်အရက်သေစာသောက်စားမူးယစ်ပြီး မိခင်ဖြစ်သူနှင့် စကားများ၍ ကျုံးအတွင်းခုန်ချသေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျုံးအတွင်း ခုန်ချသေဆုံးသူ ထွန်းထွန်းဦးအား မန္တလေးဆေးရုံကြီးသို့ ပို့အပ်ပြီး အမှတ်(၂)ရဲစခန်းက သေမှုသေခင်းအမှတ်စဉ်၁၀/၂၀၁၅ ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**


## မင်္ဂလာညှိ့ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်သန်းသန်းစုတို့၏သား ဒေါက်တာ ဟိန်းအောင်စိုးနှင့် နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး- ဒေါ်မြင့်မြင့်ခိုင်တို့၏သမီးထွေး မဖြူမွန်မွန်သိန်းတို့၏ ၁၅-၃-၂၀၁၅ရက်တွင် Sedona Hotel ၌ ကျင်းပခဲ့သောမင်္ဂလာညှိ့ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း/ရေ/လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌနှင့် ကမ္ဘာ့ရတနာဘဏ်ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော ပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်/ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်ပေး ဒေါ်ချိုပြုံးနှင့် တေးသံသာများ ဖျော်ဖြေပေးပါသော အလင်္ကာ ဝတ်ရည်တေးဂီတအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မစူးရှနိုင်(Patricia)၊ မင်္ဂလာဇပန်း ကိုင်ဆောင်ပေးကြသော မအောင်ကြင်းဖြူဖြူမရွှေသမီး၊ သတို့သားအရံ မောင်စည်သူအောင်၊ မောင်အောင်နိုင်ဦး၊ သတို့သမီးအရံ မခင်ရူပ၊ မခင်ခင်ဆွိနှင့် မင်္ဂလာသတို့သမီးအား မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်ယင်ပေးပါသော ဦးဝင်းနိုင်-ဒေါ်စန်းစန်း(Win&San) Jewellary၊ ဦးမျိုးမင်းဇော်-ဒေါ်လုလု(The Rich Gem) Jewellary၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော Designer ကိုမင်းသက်စံ (Sweet&Smart)၊ Designer မညိုမာသန့်(ဖူးသစ်ဖက်ရှင်)၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးသော မသက်နှင်းလှိုင်(Inya Floral)၊ ဗီဒီယိုနှင့် ဓာတ်ပုံ ကိုဝဏ္ဏခွာနီး၊ မင်္ဂလာဖိတ်စာ Dagon ပုံနှိပ်တိုက်နှင့် Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများလည်းကောင်း၊ Wedding dinner အခမ်းအနားမှူး မတင်မိုးလွင်၊ မိတ်ကပ်မေဦး၊ ရှိုင်းနှင့်အဖွဲ့၊ The Acess တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံ 7 Picture တို့နှင့် ချစ်ခင်စွာဖြင့် ဝိုင်းဝန်းကူညီကြပါသော အန်ကယ်၊ အန်တီတို့အားလည်းကောင်း၊ Dusit Inyalake Hotel မှ မန်နေဂျာနှင့် ဝန်ထမ်း များအားလည်းကောင်း လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**
**ဒေါက်တာဟိန်းအောင်စိုး-မဖြူမွန်မွန်သိန်း**

# ဘုရားဖူးသွားကားများ၏အနားသို့ကပ်လိုက်သည့်ကလေးငယ်များ အန္တရာယ်ရှိနိုင်

**စစ်ကိုင်း မတ် ၁၆**

အလောင်းတော်ကဿပသွားရာလမ်း တစ်လျှောက်ရှိရွာများမှကလေးငယ်များသည် ဘုရားဖူးကားများဖြတ်သန်းသွားလာရာ ကားလမ်းမဘေးမှကပ်လိုက်၍ ပိုက်ဆံတောင်းမုန့်တောင်းသည့် ကလေးငယ်များမှာ ၎င်းတို့အတွက် အလွန်အန္တရာယ်များသည့်အပြင် ကျေးရွာများ၏ ဂုဏ်ကိုလည်းကျဆင်းစေကြောင်း အလောင်းတော်ကဿပသို့ သွားရောက်သော ဘုရားဖူးများကပြောသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာတို့၏ အထွတ်အမြတ်အထင်ကရနေရာများတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အစပ် ကနီမြို့နယ် ကနီနှင့်ဂန့်ဂေါမြို့၏အလယ် မဟာမြိုင်တောကြီးအတွင်း ဝေဘုလ၊ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံးဆုံရာ အလောင်းတော်ကဿပရဟန္တာ မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံမြန်းသည့် နေရာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှဘုရားဖူးပြည်သူများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားပြည်သူများ လာရောက်ဖူးမြော်လေ့လာကြသဖြင့် အလွန်ပင်စည်ကားလှသောနေရာတစ်ခု ဖြစ်သည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်သော နေရာတစ်ခုလည်းဖြစ်သည်။

အလောင်းတော်ကဿပရဟန္တာမထေရ်မြတ်ကြီးသီတင်းသုံးစံမြန်းရာနေရာသို့ သွားရောက်ဖူး မြော်ရာတွင် ကပိုင်ရွာ၊ ပွင့်ကြီးရွာ၊ ဂုံညင်းပင်ရွာ၊ ကျောက်မြောင်းရွာ၊ ချောင်းမကြီးရွာစသည့် ကျေးရွာများကို ဖြတ်သန်း၍ သွားလာရသည်။

ထိုရွာများသည်လည်း ကားလမ်းဘေးတွင်တည်ရှိသောကြောင့် ရွာသူ ရွာသားများမှာ ကားလမ်းမပျက်စီးအောင် အမြဲထိန်းသိမ်းစောင့်ရှောက် ပြုပြင်ပေးကြသဖြင့် ရွာသူရွာသားများ၏စိတ်ဓာတ်မှာ အလွန်မွန်မြတ်ပြီး နေ့စဉ်ကုသိုလ်များ ရရှိကာ ဘုရားဖူးလာပြည်သူများကလည်း ကျေးဇူးအထူးတင်လျက်ရှိနေကြသည်။

သို့အတွက်ကြောင့် ယင်းကလေးငယ်များ ထိုသို့ပိုက်ဆံလိုက်၍တောင်းနေသည့်ကိစ္စ မပြုလုပ်ကြစေရန် သက်ဆိုင်ရာ တာဝန်ရှိ ကျေးရွာအကြီးအကဲများက ပြောပြဆိုဆုံးမထားသင့်ကြောင်း ဘုရားဖူးများ ထိုကလေးငယ်များ၏အနာဂတ်နှင့်ပတ်သက်၍ အကြံပြုကြသည်။

"ဒီကလေးတွေက လွယ်လွယ်ရရင် လွယ်လွယ်ဆိုသလို သူတို့ အသိတွေ ထဲဝင်သွားပြီ။ ဒီကလေးငယ်တွေ ကြီးပြင်းလာရင် သမ္မာအာဇီဝကောင်းရောင်းကောင်းဝယ်အလုပ်လုပ်လိုစိတ်မရှိဘဲ ရေသာခိုအချောင်လိုက်တတ်လာမယ်။ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ယိုယွင်းပျက်စီးသွား နိုင်တယ်။ သူတို့အတွက် ကျေးရွာတာဝန်ရှိတွေက ပြောပြသင့်တယ်။ သူတို့အတွက်အလုပ်အကိုင်အခွင့်အလမ်းတွေ ပေးသင့်တယ်။ ရှာသင့်တယ်။

" ဒီဘုရားဖူးကားတွေ ဖြတ်သန်းနေတဲ့ စည်ကားတဲ့ နေရာဖြစ်တဲ့အတွက် ဒေသထွက်ကုန်တွေ ရောင်းချတာမျိုးတွေပေါ့။ သူတို့ဆီမှာဆို တမာချဉ်တွေလုပ်ရောင်းတာမျိုးတွေပေါ့။ ဒေသထွက်တာတွေကို အနယ်နယ်အရပ်ရပ်က စိတ်ဝင်စားတယ်လေ။ တစ်နေရာနဲ့ တစ်နေရာ ဒေသထွက်ကုန်ချင်းမတူတော့ ဝယ်ကြမယ်ထင်ပါတယ်။ နောက်ဘုရားဖူးတွေအတွက် တခြားလိုအပ်တဲ့ ပစ္စည်း၊ အသုံးအဆောင်တွေလည်း ရောင်းချနိုင်တာပဲလေ" ဟု အဆိုပါ ဘုရားဖူးလာရောက်သူတစ်ဦးက အကြံပြုပြောသည်။

သို့အတွက်ကြောင့် တာဝန်ရှိသူအဆင့်ဆင့်များနှင့် မိဘအုပ်ထိန်းသူအသိုင်းအဝန်းတို့က တိုင်းဒေသကြီးနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထောက်ရှုသောအားဖြင့် ဘုရားဖူးသွားယာဉ်များ၏ နောက်သို့လိုက်၍ ပိုက်ဆံတောင်းနေသည့်ကိစ္စကို မပြုလုပ်စေဖို့တားမြစ်ပေးကြရန်နှင့် ဘုရားဖူးလာပြည်သူများကလည်း ကလေးငယ်များဘဝကို ရေရှည်ထောက်ရှုသောအားဖြင့် ပိုက်ဆံများမပေးကြရန် အဆိုပါ ဘုရားဖူးသူတစ်ဦးက အကြံပြုပြောကြားခဲ့သည်။

**တင်စိုး(ပဲခူး)**

# ဘုရားပုံတော်များထုဆစ်မှုတွင်ကျန်းမာရေးအသိဖြင့် ခေတ်မီကိရိယာများအသုံးပြုမှုရှိလာ

**မန္တလေး မတ် ၁၆**

မြန်မာပြည်အနှံ့တင်ပို့နေရသော စကျင်ကျောက်များဖြင့် ထုဆစ်သည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ကျောက်ဆင်းတုများ ထုဆစ်ရာတွင် ကျောက်မှုန်များ ဝင်ရောက်မှု မရှိစေရန် ခေတ်မီကိရိယာများကို ကျန်းမာရေးအသိရှိစွာ အကာအကွယ်များဖြင့်ထုဆစ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စကျင်ကျောက်ဖြင့်ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များကို မန္တလေးမဟာမုနိဘုရားကြီး အနောက်ဘက်ရှိ ကျောက်ဆစ်တန်းတွင် အမြောက်အမြားဖူးတွေ့နိုင်ပြီး ဘုရားကြီးအနောက်မုခ် ကျောက်ဆစ်တန်းမှ စကျင်ကျောက်များကို မတ္တရာမြို့နယ်ထဲရှိ စကျင်တောင်မှဝယ်ယူရသည်။

စကျင်တောင်မှ စကျင်ကျောက်တုံးများကိုအရွယ်အစားအလိုက် ဝယ်ယူကာထုလုပ်၍ စကျင်ကျောက်ဖြင့် ထုဆစ်သောဗုဒ္ဓရုပ်ပွားတော်မြတ်များသည် ကျောက်ဆစ်တန်းသို့နည်းလမ်းနှစ်မျိုးဖြင့်ဝင်ရောက်လာလေ့ရှိပြီး စကျင်ကျောက်အရိုင်းတုံးများအဖြစ် ဝင်လာသလို စကျင်တောင်မှ ပုံကြမ်းထုဆစ်ပြီးသားများအနေဖြင့်လည်းဝင်လာတတ်ကာ ကျောက်ဆစ်တန်းရောက်မှအချောကိုင်ခြင်းများ ပြုလုပ်လေ့ရှိသည်။

ခေတ်အဆက်ဆက် ပြောင်းလဲလာခြင်းနှင့်အတူ တိုးတက်မှုတို့ကွာခြားလာခဲ့ပြီး မြန်မာနိုင်ငံအတွင်းတွင် ဘီစီနှစ်ရာစုလောက်မှစ၍မိုင်းမောဒေသ၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝမှစ၍ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်ကိုးကွယ်ယုံကြည်မှုအသီးသီး ရုပ်တုအမျိုးမျိုးပြုလုပ်လာခဲ့ကြသည်။



ဗုဒ္ဓဘာသာများပီပီ ဘုရားတည် ကျောင်းဆောက်မွေ့ရုံများလှူဒါန်းခြင်း၊ ဆွေစဉ်မျိုးဆက်လက်ဆင့်ကမ်းကုသိုလ်ပြုရင်း စကျင်ကျောက်များဖြင့် ထုဆစ်သော ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဝယ်ယူပူဇော်ကြသည့်အတွက် ခေတ်အဆက်ဆက်အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ စာရင်းကိုင် မ(၂)ဦး
- အသက် (၂၂)မှ (၃၅)နှစ်အတွင်း
- B.Com (သို့) LCCI Level(III) အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
- Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- ကျွမ်းကျင်မှုနှင့်တာဝန်ယူမှုအပေါ် မူတည်၍ အခြားခံစားခွင့်များရရှိမည်။

၂။ Store စာရင်းကိုင် မ(၂)ဦး
- အသက်(၂၂)မှ (၃၅)နှစ်အတွင်း
- စာရင်းနှင့်သက်ဆိုင်သည့် ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- Computer Excel ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိရမည်။

၃။ Marketing မ(၅)ဦး
- အသက်(၂၀)မှ (၃၀)နှစ်အတွင်း
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- လိုအပ်ပါက နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

၄။ အရောင်းစာရေး မ(၅)ဦး
- အသက်(၂၀)မှ (၃၀)နှစ်အတွင်း
- အခြေခံပညာ အထက်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။
- သွက်လက်ချက်ချာ၍ယဉ်ကျေးပျူငှာစွာဆက်ဆံနိုင်ရမည်။

၅။ အထွေထွေလုပ်သား ကျား(၂)ဦး
- အသက် (၁၈)မှ (၂၅)နှစ်အတွင်း
- အခြေခံပညာ အလယ်တန်းအဆင့်ရှိရမည်။
- ကျန်းမာရေးကောင်းမွန်ရမည်။

**Sweety** ဗာဘော်လီ၊ ဘရာစီယာနှင့်အတွင်းခံအမျိုးမျိုး
အမှတ်(၁၈/၈)၊ နှင်းဆီလမ်း၊ ယုဇနပလာဇာဝင်ပေါက်(၇)အနီး
တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၈၆၀၄၄၇၅၊ ၀၉-၅၀၈၈၈၉၀၊ ၀၉-၂၅၄၀၀၁၈၀၀

## I.M.E Construction Co.,Ltd.

(1) AE (Estimate) ကျား/မ (၂) ဦး
- Computer ကျွမ်းကျင်သူဖြစ်ရမည်။
English စာကျွမ်းကျင်သူ ဦးစားပေးမည်။

(2) Junior Engineer (Civil) ကျား/မ (၅) ဦး
- Site အတွေ့အကြုံရှိသူဦးစားပေးမည်။ Computer အသုံးပြုနိုင်ရမည်။ နယ်သွားနိုင်သူ ဦးစားပေးမည်။

(3) Labour Engineer ကျား/မ (၅)ဦး
- Site အတွေ့အကြုံရှိသူဦးစားပေးမည်။ နယ်သွားနိုင်သူဦးစားပေးမည်။

(4) General Manager မ(၁) ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ CV Form၊ စာရွက်စာတမ်း အပြည့်အစုံနှင့်တကွ အမှတ် (၈၉၃)၊ ပြဟ္မစိုရ်လမ်း၊ တောင်ဥက္ကလာပမြို့နယ်သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

Ph: 01-572952, Email- thanlwintha@gmail.com

## ဝန်ထမ်းအလိုရှိသည်

1. **Project Engineer(Civil)** **M/F (5)**
AGTI/B-Tech/BE လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်၊ မိမိ Project ကိုဦးစီးလုပ်ကိုင်နိုင်ရမည်၊
2. **Site Engineer(Civil)** **M/F(10)**
AGTI/B-Tech/BE လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်၊
3. **Quantity Surveyor (Civil)** **M/F (3)**
AGTI/B-Tech/BE လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်၊
4. **Site Supervisor** **M (5)**
လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်၊
5. **Store Incharge** **M (3)**
လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်၊
6. **Office Staff** **M (3)**
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်၊
7. **Storekeeper/ Site Admin** **M/F(5)**
လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်၊
8. **Driver** **M (5)**
ယာဉ်မောင်းလုပ်သက် (၁)နှစ်ရှိရမည်၊
လိုင်စင် (ခ) ကိုင်ဆောင်ထားသူဖြစ်ရမည်၊
9. **သန့်ရှင်းရေး** **F (2)**
အသက်၂၀နှစ်အထက်၊ ကျန်းမာပြီးသွက်လက်စွာလုပ်ကိုင်နိုင်ရမည်၊
10. **လုံခြုံရေး** **M (10)**
အရက် ဆေးလိပ်ကင်းရှင်းသူ၊ လုံခြုံရေးအတွေ့အကြုံရှိသူ၊ မှတ်တမ်းများကို သေချာစွာရေးမှတ်နိုင်ပြီး၊ အထက်လူကြီးကို မိမိတာဝန်အား သေချာစွာရှင်းလင်းပြောဆိုနိုင်သူ ဖြစ်ရမည်၊

လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ လူကိုယ်တိုင်ဖြစ်စေ၊ အီးမေးဖြင့်ဖြစ်စေ လာရောက်လျှောက်ထားနိုင်ပါသည်၊

**Hasty Power Construction Co.,Ltd**
အမှတ် (၁၇)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Ph; 01-655654, 665295
Email; hastypower@gmail.com

ဖတ်စရာ

# တိုးညင်းအားလျော့လာသော လက်ခတ်သံများ

à ကိုကိုနေ



နေ့ပူညချမ်း တပေါင်းလသရမ်းဟု ဆိုစမှတ်ပြုသည့်အတိုင်း တပေါင်းလ၏ ညဥ့်ယံကချမ်းစိမ့်စိမ့်ရှိလှသည်။ ရောင်စုံတောက်ပသော ဒီဇိုင်းများနှင့် တစ်ဖက်နိုင်ငံမှ တင်သွင်းလာသော ဂွမ်းတုစောင်တစ်ထည်ကို ဆွဲယူခြုံမိပြီးမှ ပူလောင်မွန်းကျပ်သော အတွေ့အထိကို မခံစားနိုင်၊ ရိုးရာလက်ရက်ချည်စောင်ကလေးကို ဆွဲယူခြုံမိသည်။ သင့်လျော်သောနွေးထွေးမှုနှင့် သက်သောင့်သက်သာရှိမှုကို ခံစားရင်း ရိုးရာလက်ရက်ချည်စောင်ကလေးများ၏ လာရာလမ်း သူတို့၏အနာဂတ်ကို တစေ့တစောင်းလေ့လာမိသည်။

မြန်မာ့ရိုးရာလက်ရက်ချည်စောင်များ၊ ချည်ထည်ပိတ်များကို အထက်အညာဝါဂွမ်းစိုက်ဒေသများတွင် အိမ်တွင်းလက်မှုထုတ်ကုန်အဖြစ် ရှေးရှေးကပင်ထုတ်လုပ်လျက် တစ်နိုင်ငံလုံးဖြန့်ကြက်သုံးစွဲခဲ့ကြသည်။ "လက်ခတ်သံကျွန်းဖိုသား သောင်းတိုင်ကကြား"ဟု သီဆိုခဲ့ကြသည့်အတိုင်း ရွာတိုင်း အိမ်တိုင်း လက်ခတ်သံတဖြောင်းဖြောင်း ညံစီလျက်တွင်ကျယ်ခဲ့ကြသည်။ ခွေးတစ်အုပ်နှင့် ယာခင်းစောင့်တောင်သူတို့ ယုန်လိုက်သော သန်း၊ ဒဟတ်ထနောင်း၊ ရှားပင်တို့ ပေါက်ရောက်ရာ ခင်တန်းတောများမှသည် ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်ပင်ကြီးများ ပေါက်ရောက်သောတောအုပ်ကြီးများ တိမ်ကောသွားသောအခါ သဘာဝပတ်ဝန်းကျင်ပျက်စီး၍ နှစ်နှစ်၊ သုံးနှစ်ဆက် မိုးခေါင်မှုများ၊ အချိန်အခါမဟုတ် မိုးသည်းထန်မှုများကြုံတွေ့လာရသည်။ ရာသီဥတုဖောက်ပြန်လာသောအခါ စိုက်ပျိုးသီးနှံများလည်း မရှင်သန်၍ တစ်ဆင့်ခံအကျိုးဆက် ခံစားရသော ရက်ကန်းစင်များမှ လက်ခတ်သံလည်း ကျိုးကျဲရာမှ တိတ်ဆိတ်လုနီးနီးအခြေသို့ ယနေ့ရောက်နေပြီဖြစ်သည်။

ရာသီဥတုဖောက်ပြန်လာသောအခါ စိုက်ပျိုးသီးနှံများလည်း မရှင်သန်၍ တစ်ဆင့်ခံ အကျိုးဆက် ခံစားရသော ရက်ကန်းစင်များမှ လက်ခတ်သံလည်း ကျိုးကျဲရာမှ တိတ်ဆိတ်လုနီးနီးအခြေသို့ . . .

"ရိုးရာစောင်တွေ ရက်ဖို့ ချည်မျှင်တိုဝါကိုစိုက်ပြီး ကိုယ်တိုင်ဝါကိုကြိတ်၊ ဖတ်၊ ဗိုင်းငင် စသည်ဖြင့်လုပ်ကိုင်ကြတယ်။ အခု ချည်မျှင်တိုဝါကို မစိုက်ကြတော့ဘူး။ ချည်မျှင်ရှည်ဝါကို အိမ်တွင်းမှုအနေနဲ့ ချည်ခင်မထုတ်နိုင်တော့ စက်ကထုတ်တဲ့ချည်ခင်ကိုဝယ်ပြီး လုပ်အားခအကျန်နဲ့ ရက်ရတယ်။ တစ်နေကုန်ရက်ရင် စောင်တစ်ထည် ဒါမှမဟုတ် လုံချည်တစ်ကွင်းစာပြီးတယ်။ လုပ်အားခအနေနဲ့ဆိုရင် နှစ်ထောင်ကျပ်ဝန်းကျင်လောက်ပေါ့" ဟု ရက်ကန်းခတ်သူတစ်ဦးကအိမ်တွင်းမှုလုပ်ငန်းအဖြစ် အပြည့်အဝမလုပ်နိုင်တော့ပုံကို ပြောပြသည်။

"ဒီနှစ်နဲ့ဆိုရင် နှစ်နှစ်ဆက်တိုက်မိုးခေါင်တာပေါ့။ ပိုဆိုးတာက ဒီဇင်ဘာလထဲမှာ မိုးက ခုနစ်ရက်လောက်ရွာလိုက်တော့ ကြက်သွန်ခင်းတွေ ပျက်စီးတယ်။ ပြီးတော့ နွားစာကိုပါ အဝေးမြို့သစ်ဘက်အထိ စုပေါင်းကားငှားပြီးဖြစ်ဖြစ်၊ လှည်းနဲ့ဖြစ်ဖြစ် တစ်နေကုန်သွားရှာရတယ်။ အိမ်ရာတွေ၊ စိုက်မြေတွေတိုးချဲ့သလို စားကျက်မြေတွေပျောက် တောတွေ ပြုန်းနဲ့ဆိုတော့ နွားကျောင်းဖို့နေရာမရှိသလောက်ပဲ။ ယာထဲလုပ်တဲ့သားနှစ်ယောက်က မြို့ကဆောက်လုပ်ရေးဆိုက်ထဲမှာ အလုပ်သွားလုပ်ရတယ်။ ခါတိုင်းယာစိုက်၊ ရက်ကန်းခတ်တဲ့သမီးကတော့ နွားစာရှာတဲ့အလုပ်ပဲလုပ်နေရတယ်" ဟု မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပ/ကျားထူးကျေးရွာမှ ရက်ကန်းခတ် အမျိုးသမီးကြီးဒေါ်တင်ကြည်က ပြောပြသည်။

တစ်နေကုန်ရက်ကန်းခတ်သော လုပ်အားခသည် လူစာ နွားစာမဖူလုံပါ။စက်မှုလယ်ယာဆိုလျှင်လည်း ရေစုပ်စက်သုံးသည်မှလွဲ၍ ဤခိုင်းနွားများကို လျှော့ဈေးဖြင့်ရောင်းမပစ်ရက်ပါဟုလည်းဆိုသည်။ "တစ်ဖက်နိုင်ငံက အရောင်အသွေးစုံ ဈေးအမျိုးမျိုးနဲ့ နိုင်လွန်ချည်စောင်တွေက ဈေးကွက်ထဲကို အလုံးအရင်းနဲ့ ဝင်လာနေတယ်။ ဒါပေမယ့် ချည်ထည်လိုကျန်းမာရေးနဲ့တော့ မညီညွတ်ဘူးပေါ့။ ရိုးရာချည်စောင်၊ ဂွမ်းစောင်တွေကို အားပေးအသုံးပြုရင်း ရိုးရာလက်မှုလည်း မတိမ်ကော နိုင်ငံခြားသုံးငွေလည်း သက်သာ ဈေးကွက်လည်းတွင်ကျယ်လာတာမျိုးဆိုရင် ကောင်းမှာပဲ" ဟု ရွာမှကျောင်းဆရာတစ်ဦးက ပြောပြသည်။

အညာကျေးလက်၏ တပေါင်းလသရုပ်နှင့်အညီ ယာကန်သင်းတွင် အဖြူရောင်ပုန်းမကြည်ပန်းတို့ပွင့်နေကြသည်။ ဒေသခေါ်ပုန်းမကြည်အရှင်မကို မိုးလေဝသကောင်းဖို့ လုပ်ငန်းကိုင်ငန်းကောင်းဖို့ရာ စပါးကျီ၊ ထွန်လှည်း၊ ရက်ကန်းစင်၊ မီးဖိုချောင်တို့တွင် မုန့်ဖြူမုန့်နီတို့ဖြင့် တင်မြှောက်ခဲ့သည်။ သံစုံခြူလုံးကလေးများ တပ်ဆင်ထားသော လက် ခတ်ကြိုးကိုဆွဲလိုက်လျှင် 'ချွင်' ဟူသော ခြူသံနှင့် 'ဖြောင်း'ကနဲလွန်းအိမ်ဘက်သို့ ပြေးသွားသံတို့စည်းချက်ညီညီ ကြားနိုင်သည်။

ယခုအပူချိန်ပြင်းသော နွေရာသီနေ့လည်ပိုင်းတွင် ရက်ကန်းစင်ပေါ်တွင် ဖက်စိမ်းကန်တော့နှင့် တင်မြှောက်ထားခဲ့သည့်ခြောက်သွေ့မာကျောနေသော မုန့်ဖြူမုန့်နီကျော်နှင့် လက်ခတ်ကြိုးထိပ်မှ အသံတိတ်ခြူလုံး ကလေးများကို သာတွေ့ခဲ့ရသည်။

ECLION GLOBAL COMPANY LIMITED
အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်ဆုံး အလိုရှိသည်
ECLION GLOBAL

